# အကျဉ်းစံမိန်းမများ

ရွှေကူမေနှင်း

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | သင်းစာပေ၊ ဒေါ်သင်းသင်းမွန်။<br>အမှတ်-၁၀၊ ရတနာမြိုင်လမ်း။<br>လှည်းတမ်း။ |
| ပုံနှိပ်သူ | ကာလာဖုံပုံနှိပ်တိုက် |
| မျက်နှာဖုံးပန်းချီ | ဗရီလင်းဝဏ္ဏ |
| ပထမအကြိမ် | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၅၀၀ ကျပ် |

----------------------------------------------------------------------------------------------------

၈၉၅-၈၃
ရွှေကူမေနှင်း
အကျဉ်းစံမိန်းမများ/ရွှေကူမေနှင်း။ - ရန်ကုန်။
သင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၂။
စာ-၁၀၆၊ ၁၁.၅x ၁၈.၂ စင်တီ
(၁) အကျဉ်းစံမိန်းမများ

----------------------------------------------------------------------------------------------------

# မာတိကာ

၀၁။ ဘာရာ အမေစန်း
၀၂။ ဘုတ်ကိုင် အမေတင်
၀၃။ အိမ်ဖော် ဒေါ်ဘု
၀၄။ ပန်းဆိုးတန်းက မအေးသန်း
၀၅။ အမှိုက်ပုံ ဂွမ်းယုံ
၀၆။ အငြိမ့်သမ ခင်လှလှ
၀၇။ ဂျင်မချို
၀၈။ ရေကန်ဘာရာ မြင့်မြင့်ဦး
၀၉။ မီးလောင်
၁၀။ လူသတ်

# စကားဦး

၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၆) မှ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ နေ့လယ် (၁:၀၀) နာရီအထိ ကျွန်မသည် အင်းစိန် ဗဟိုစံပြအကျဉ်းထောင်ကြီးမှာ နေထိုင်ခဲ့ရပါသည်။ အမှုပုဒ်မမှာ အများထင်သကဲ့သို့ ၅(ည) မဟုတ်ပေ။ ၁၉၃... ဟု ဆိုသည်။ (မမှန်မကန် ကျမ်းကျိန်မှု။) ရွေးကောက်ပွဲလုပ်စဉ်က တင်ပြခဲ့သော ငွေစာရင်းသည် မှန်ကန်ပါကြောင်း တရားသူကြီးထံ ကျမ်းကျိန်လက်မှတ် ရေးထိုးခဲ့ပါလျက် ထိုစာရင်း၌ ချို့ယွင်းချက်များ ရှိနေသည်ဆိုပြီး၊ မမှန်မကန်ကျမ်းကျိန်မှု၊ (ပုဒ်မ ၁၉၃) ပြစ်ဒဏ် (၃) နှစ် ကျခံခဲ့ရခြင်းတည်း။ မည်သည့်ပုဒ်မနှင့်ပင် ဖြစ်စေ၊ ကျွန်မသည် ရန်ကုန်တိုင်း၊ တိုက်ကြီးအမတ်အဖြစ် အခြား ၅(ည)များနှင့်အတူ နေခဲ့ရ၏။ ပြစ်ဒဏ်က (၃)နှစ် ဖြစ်သော်လည်း (၁၀)လနှင့် လွတ်လာခဲ့လေသည်။

ကျွန်မသည် စာရေးဆရာ ဖြစ်ပါသည်။ နိုင်ငံရေးကို မနေသာ၍ ဝင်လုပ်ခဲ့ရခြင်းဖြစ်ပြီး၊ နိုင်ငံရေးသမားဘဝနှင့် စာရေးဆရာဘဝ ကြိုက်ရာရွေးရန် ဖြစ်လာခဲ့သော် စာရေးဆရာဘဝကိုသာ ရွေးမည့်သူဖြစ်၏။ ထို့ကြောင့်... ထောင်မှထွက်လာသောအခါ ထောင်အတွေ့အကြုံများကို အားသွန်ပြီး ရေးခဲ့သည်။ ပထမဆုံးရေးသောစာမှာ အင်းစိန်မှတ်တမ်းဟု အမည်ပေးထားသော မှတ်တမ်းရှည်ကြီး ဖြစ်၏။ ဖူးစကတ် စာမျက်နှာ (၂၀၀) ရှိသည်။ ဘယ်ကာလ၌ ပုံနှိပ်ခံရမည်ဟု မရေရာချေ။ သို့သော် စာရေးဆရာ၏ တာဝန်က ရေးထားရန်ပင် ဖြစ်၏။ ဒုတိယ ရေးသောစာမှာ လူကုန်ကူးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူ မိန်းကလေးတစ်ဦး၏ ရင်ဖွင့်ချက်ဖြစ်ပြီး ၎င်းအဖြစ်အပျက်ကို ဝတ္ထုအသွင်ဖြင့် ရေးဖွဲ့ပါသည်။ "ကန္တာရနှင်းဆီ" အမည်ပေးပါသည်။ ဖူးစကတ် (၂၀၀) ရှိသည်။

အထက်ပါ ဖိုင်တွဲများကို မိမိအသက်ပမာ ထုပ်နှောင်သိမ်းဆည်းခဲ့သည်မှာ (၁၈)နှစ်ပင် ကြာခဲ့၏။ အင်းစိန်မှတ်တမ်းကို "နရသိန်" မဂ္ဂဇင်း(အကျဉ်းဦးစီးဌာန)မှာ ထည့်ခွင့်ရပေပြီ။ ဝါရော်နေသော စာရွက်များကို ဖိုင်တွင်းမှ ထုတ်ယူကာ လူထုထံ တင်ပြနိုင်ပါပြီ၊ ဘယ်သူ့ကို ထိုင်ကန်တော့ရပ့်မလဲဟုပင် ကျွန်မက ရယ်စရာအဖြစ် ပြောမိပါသည်။

ကန္တာရနှင်းဆီကိုကား တင်ပြခွင့် မဆောင်ရွက်ရသေးပါ။ ဤအတောအတွင်း ထောင်ဝတ္ထုတွေ ရေးစမ်းပါ ပြောလာသောသူများအား "ကိုယ်က ထောင်ထဲမှာ မိန်းမ ၂၀၀ နဲ့ နေလာတာ။ ဝတ္ထု ၂၀၀ ရှိတာယ်" ဟု ရင်ကော့ပြီး ပြောမြဲဖြစ်၏။ နရသိန်ထုတ်မည်ဆိုပြီး ကိုယ့်လိုပင် ထောင်ထွက် အယ်ဒီတာက စာမူတောင်းသောအခါ မိန်းမတစ်ဦးစီ၏ ထောင်ကျရခြင်းအကြောင်းရင်းများကို ချရေးခဲ့ပါသည်။ (၇)ပုဒ်ပြီးသောအခါမှ ရပ်လိုက်ပြီး၊ အင်းစိန်မှတ်တမ်းကို ပြောင်းပေးခဲ့ခြင်း ဖြစ်၏။

ယခု ထို(၇)ပုဒ်နှင့် နောက်ထပ်(၂)ပုဒ် ထပ်တိုးကာ စုစုပေါင်း (၉)ပုဒ်ကို စုစည်းပြီး ရွှေ... စာပေထုတ်လုပ်ရေးမှ ထုတ်ဝေရန် စီစဉ်ပါသည်။ အဖြစ်အပျက်အမှန်များကို အခြေခံထားခြင်း ဖြစ်သော်လည်း ရသဝတ္ထုများဖြစ်အောင် ဖွဲ့ယူက်ရသဖြင့် အဖြည့်စာများ ပါပါသည်။ အပြစ်ကင်းလျက် ပြစ်မှုမြောက်သွားရသော မိန်းမများလည်း ပါပါသည်။ ထိုအခါ စာဖတ်သူများအနေနှင့် အကျဉ်းကျသူဆိုတိုင်း ပြစ်မှုကျူးလွန်သူများဟု ထင်မြင်ကြတော့မည်

မဟုတ်ပေ။ ဤသို့ဆိုပါလျှင် စာရေးဆရာ စာရေးရကျိုးနပ်ပြီဟု ဝမ်းသာပီတိ ဖြစ်ရပါတော့မည်။

လောက၌ လောကပါလတရားများ ဖွံ့ဖြိုးပါစေသော်။
ရွှေကူမေနှင်း
၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၅)ရက်။

*****

## ဘာရာ အမေစန်း

"ဘာရာ" ဆိုသော ဝေါဟာရကို ရပ်ထဲရွာထဲက လူများ ကြားဖူးကြမည် မထင်ပါ။

အကျဉ်းထောင်ထဲမှာတော့ "ဘာရာ" ဆိုလျှင် ရာထူးတစ်ခုမှန်း သိကြသည်။ အကျဉ်းထောင်သည် လူ့ရပ်လူ့ရွာမှ ကင်းဝေးသော သီးခြားကမ္ဘာတစ်ခု ဖြစ်သည်သာမက လူ့ရပ်လူ့ရွာမှာ မကြားဖူးသော ဝေါဟာရများ နေသားကျနေသော ကမ္ဘာတစ်ခုလည်း ဖြစ်နေသည်။

အကျဉ်းထောင်ဆိုသည့်အတိုင်း နေရာကျဉ်းသည်။ ထောင်ဆိုသည့်အတိုင်း ချုပ်နှောင်ထားသည်။ အပြင်နှင့် မဆက်ဆံရ။ အပြင်ကိုမထွက်ရ။ (၁၅)ရက်တစ်ခါမှ (၁၅)မိနစ်ခန့် အိမ်မှ မိသားစုများနှင့် သံဇံကာနှစ်ထပ်ကာလျက် ရေးတေးတေးမြင်ရရုံ၊ စကားဆိုခွင့်ရရုံမှတစ်ပါး မည်သည့် ပြင်ပလူများနှင့်မျှ မမြင်ရ၊ မတွေ့ရ။

သည်လို အပြင်နှင့် လုံးဝကန့်သတ်ထားသော အုတ်နံရံ တံတိုင်းအထပ်ထပ်အတွင်းမှာ ဝေါဟာရတွေ သီးသန့်ရှိနေခြင်းမှာ မဆန်းကြယ်ပေ။ တစ်ရွာတစ်ပုဒ်ဆန်း ဆိုထားတာပဲ။

"ဘာရာ" ဆိုသော ရာထူးက ထောင်ဝန်ထမ်း မဟုတ်ချေ။ ထောင်ဝန်ထမ်း အကြပ်များကို "ဝါဒါ" ဟု ခေါ်သည်။ ဝါဒါကို ထောင်ထဲက အကျဉ်းသားများက "ဆရာ" ဟု ခေါ်ရသည်။ မိန်းမဝါဒါဖြစ်လျှင် "ဆရာမ" ဟု ခေါ်ရသည်။ ဝါဒါများသည် လစာရိက္ခာရ၏။ ယူနီဖောင်းရ၏။ လက်မောင်းမှာ အရစ်ရ၏။ သံပရာခွံဦးထုပ် လုလုလေးများကိုပင် လုလုပပ ဆောင်းကြရလေသည်။

ဘာရာကား ဝန်ထမ်းမဟုတ်။ လစာမရ။ ယူနီဖောင်းမရ။ အရစ်မရ။ သို့သော် အာဏာရှိလေသည်။

ဘာရာကို အကျဉ်းကျနေသူ အကျဉ်းသားများထဲမှ ရွေးချယ်ခန့်ထားခြင်း ဖြစ်၏။ ထောင်ကျခံရင်း တာဝန်တစ်ခု အပေးခံရသူဖြစ်၏။ ဘာရာကို သက်ဆိုင်ရာအဆောင်မှူး(ထောင်မှူး)က ရွေးသည်။ ဘာရာ အမျိုးမျိုးရှိသည်။

ညဘက် အချိန်မှတ်၍ အဆောင်မှလူများ တစ်စုံတစ်ရာ ပြဿနာမရှိကြောင်း သတင်းပို့ရသော "ညဘာရာ" ရှိသည်။ ရေချိုးချိန်မှာ စနစ်တကျနှင့် လောက်လောက်ငှငှဖြစ်အောင် ခိုက်ရန်မဖြစ်ပွားအောင် ကြီးကြပ်ရသော "ရေကန်ဘာရာ" ရှိသည်။

တာဝန်ကြီးသည်နှင့်အမျှ ထိုတာဝန်ကို ထမ်းဆောင်သူ ရရှိသော အကျိုးကား မက်မောဖွယ်ကောင်းသည်။ "ထို တာဝန်ထမ်းသည့်အတွက် သီးသန့်လျှော့ရက်" ရခြင်းတည်း။

အမေစန်းကား (၉-၆) ဘာရာ ဖြစ်၏။

ည(၉)နာရီမှ မနက်(၆)နာရီအထိ တာဝန်ယူရသည်။

ည(၉)နာရီ သံချောင်းခေါက်သည်နှင့် အကျဉ်းသူအားလုံး ကြမ်းပြင် အိပ်ရာပေါ် လှဲအိပ်ရသည်။ ငုတ်တုတ်ထိုင်နေသူ မရှိရ။ စကားပြောနေသူ မရှိရ။ ဒါကို ဘာရာက စောင့်ကြည့်ရသည်။

စောင့်ကြည့်ရုံနှင့် မပြီးပေ။ နာရီကြည့်ပြီး (၁၅)မိနစ် တစ်ကြိမ် အော်ရ၏။

"(၈)ဆောင် အပေါ်ထပ် လူပေါင်း(၂၃၀)၊ အားလုံး ကောင်းပါတယ်ရှင့်"

ဤသို့ အော်ရခြင်းကို တိုးတိုးအော်၍ မရပါ။ တစ်ဘက်ရှိ အဆောင်တာဝန်ခံ(ရုံးခန်း)မှ တာဝန်မှူးကြားအောင် အော်ရသည်။ ခုဆို အမေစန်း အသံပင် ပြာလဲ့လဲ့၊ ကွဲအက်အက် ဖြစ်နေပြီ။ ထို(၁၅)မိနစ် တစ်ကြိမ်နှင့်တစ်ကြိမ်ကြားမှာလည်း အိပ်ပျော်သွား၍ မဖြစ်။ သည်တော့ အမေစန်းသည် ပြတင်းပေါက်ရည်ကြီး၏ သံတိုင်များကိုမှီရင်း ပုတီးစိပ်နေရ၏။ ကုသိုလ်ရတာပေါ့ဟု အမေစန်း သဘောထားသည်။ ထောင်ကျတာကိုပင် အကုသိုလ်ကြောင့်၊ ဝဋ်ကြွေးကြောင့်ဟု ခံယူသည်။ သည်တော့ ဝဋ်ကြွေးကြောင့်ဟု ခံယူသည်။ သည်တော့ ဝဋ်ကြွေးကျေအောင်၊ အကုသိုလ်ကင်းစင်အောင် ကုသိုလ်လုပ်ရမည်ဟု အမေစန်း ယုံကြည်၏။

အမေစန်းနေရသောအဆောင်မှာ (၈)ဆောင် အပေါ်ထပ် ဖြစ်သည်။ အင်းစိန်ထောင်ကြီးထဲမှာ အဆောင်(၁)မှ (၅)အထိက အမျိုးသားဆောင်များဖြစ်ပြီး၊ (၆)၊ (၇)၊ (၈) သုံးဆောင်မှာ အမျိုးသမီးအဆောင်များ ဖြစ်သည်။ ထိုသုံးဆောင်ထဲမှာမှ အဆောင်(၆)မှာ အမှုရင်ဆိုင်ဆဲ အချုပ်သမားများကို ထားသဖြင့် "အချုပ်ဆောင်"ဟု ခေါ်သည်။ (၇)၊ (၈)မှာ စီရင်ချက် ချမှတ်ပြီး ထောင်အပြစ်ဒဏ် ကျခံရသူများကို ထားသဖြင့် "အကျဆောင်"ဟု ခေါ်သည်။

အချုပ်ဆောင်ဝင်းထဲမှာရော၊ အကျဆောင်ဝင်းထဲမှာပါ အရေးကြီးပုဒ်မသမားများကို သီးသန့်ခွဲထားသော "တိုက်" ခေါ် တိုက်ပိတ်အခန်းငယ်များ ရှိသေးသည်။ တိုက်ထဲနေရသူများကို အမြဲ သံတံခါးပိတ်ထားပြီး ရေချိုးချိန်၊ အညောင်းဆန့်လမ်းလျှောက်ချိန်အဖြစ် နာရီဝက်၊ တစ်နာရီခန့် ဖွင့်ပေးသည်။ အမှုကိုလိုက်၍ လုံးဝဖွင့်မပေးသော လူများလည်း ရှိသည်။ တိုက်နေသူများ၏ အခန်းမှာ (၈)ပေ ပတ်လည်ခန့်ရှိမည်။ အစားအသောက်စားခြင်း၊ အိပ်ခြင်းအပြင်၊ အညစ်အကြေးစွန့်ခြင်းကိုပါ အခန်းထဲ၌ ပြုလုပ်ရ၏။ အညစ်အကြေးစွန့်ရန်

"အင်တုံ" (စဥ့်အင်တုံကြီး)များ ထားရှိသည်။ တစ်နေ့တစ်ကြိမ် မိလ္လာသမားလာမှ ယူသွားမည်။ မလာမချင်း မိမိအနံ့နှင့်မိမိ နေလေတော့။

အဆောင်နေသူများကား လွတ်လပ်ပါသည်။

အလျားပေ(၂၀၀)ခန့်၊ အနံပေ(၅၀)ခန့် ဟောခန်းကြီးနှင့် နှစ်ထပ်ဆောင်များဖြစ်ပြီး (၇)ဆောင်အပေါ်ထပ်မှာ "ပန်းလုပ်အဖွဲ့"၊ အောက်ထပ်မှာ "ဇာထိုးအဖွဲ့" ဟု ခွဲထားသည်။ (၇)နှင့်တွဲလျက်မှာ "တိုးချဲ့" ခေါ် မြေစိုက်အဖီကြီးချထားတာ ရှိသေးသည်။ တိုးချဲ့ထဲမှာက မှောင်ရိပ်ခိုပုဒ်မ(၃၀-ဃ)သမား အများဆုံးထားသည်။ သူတို့က တစ်လ၊ နှစ်လမှ (၆)လခန့်သာ အများဆုံးထားသည်။ ကာလတိုသမားများမို့ ခပ်ပျော်ပျော် အချိန်ဖြုန်းလေ့ ရှိကြ၏။ "ဝင်လိုက် ထွက်လိုက်" လည်း လုပ်တတ်ကြသေးသည်။ သူတို့ဘဝကား ဘာကိုမျှ အလေးမထား။ ဘဝတူချင်း ပြောကြဆိုကြ၊ ရန်ဖြစ်ကြ၊ ဘာဆိုဘာမျှ ထိန်းကွပ်မှု မရှိ။ ဘာအပူအပင်မျှ မရှိ။

(၈)ဆောင်ကလည်း နှစ်ထပ်ဖြစ်သည်။

အောက်ထပ်မှာ ကလေးအမေများကို ထားသဖြင့် "ကလေးအမေဆောင်" ဟု လွယ်လွယ်ပင် ခေါ်ကြသည်။ (၈)ဆောင် အပေါ်ထပ်ကား အသန့်ဆုံးဟုပင် ဆိုရတော့မည်။ (၃၀-ဃ) မှောင်ရိပ်ခိုအမှု လုံးဝမပါ။

ကလေးအမေတွေလို သေးနံ့ချေးနံ့ မရှိ။ အပေါ်ထပ်ကို ခြုံကြည့်လျှင် အညာဆန်သဘော်ကြီး၏ ကုန်းပတ်နှင့် တူပါသည်။ အကျဉ်းသူများကလည်း ပေရေစုတ်ပြတ်နေသူများ မဟုတ်ကြ။ တကယ့် ရပ်ဝေးသွား ခရီးသည်များနှင့် တစ်ထပ်တည်းတူလှသည်။ ဘေးကြားအိတ်ခေါ် ပလတ်စတစ်အိတ်ကြီးတည်းတူလှသည်။ ဘေးကြားအိတ်ခေါ် ပလတ်စတစ်အိတ်ကြီးများကို ခြေရင်းမှာ စီပြီချထားကြ၏။ ခြေချင်းဆိုင် နှစ်တန်းဖြစ်ပြီး အလယ်မှာ လူသွားလမ်း ရှိသည်။ ခေါင်းရင်းမှာ ဘုရားစင်နှင့်။ ဘုရားပန်းတွေက ဝေလို့။

ဝေပေတာပေါ့လေ။
အမေစန်းတို့၊ အမေတင်တို့၊ ပြီးတော့ သဃ်နီးကျွန်းက မယ်တော်ကြီးတို့၊ ပြီးတော့ အင်းစိန်က အန်တီမြင့်တို့ဆိုတာ ဘာသာရေးသမားတွေပဲ တစ်နေကုန် စိပ်ပုတီးကို မချကြချေ။ ညနေခင်းဆို (၈)ဆောင်ရှေ့ မြက်ခင်းမှာ မြေဖူ(မဥ္ဇူ)ပန်းတွေရောင်စုံပွင့်ကြသည်။ အဖြူ၊ အနီ၊ အဝါ၊ ခရမ်း စုံလို့။

အဲသည်ပန်းတွေကို ခူးခွင့်ပေးထား၏။

သည်အခါ အန်တီမြင့် ခေါင်းဆောင်သော ၅-ညကောင်မလေးတွေက မဥ္ဇူပန်းတွေကို ခူးကြသည်။ ကျွတ်ကျွတ်အိတ်ကြီးနှင့် တစ်လုံးအပြည့်ရလျှင် အပေါ်ထပ်တက်လာပြီး ပန်းသီကြ၏။ ပဥ္ဇူပန်းသီရတာက ပညာသားပါသည်။ နန်းကြိုးလေးနှင့် သီရတာပါ။ သည်အခါ ကိုယ့်စိတ်ကူးနှင့်ကိုယ် အပွင့်ဘယ်လောက်၊ အရောင်ဘယ်လိုဆိုပြီး သီကြရင်း အချိန်ကုန်သွားမှန်း

မသိလိုက်။ ကုသိုလ်လည်းရ၊ အကျိုးလည်းများ၊ သူတို့လေးတွေ သည်အရွယ် မိဘရင်ခွင်မှာ ဆိုးကြနွဲ့ကြတုန်း။ ခုတော့ အန်တီမြင့်ကို ပုံပြီးနွဲ့နေကြလေသည်။

အမေစန်းကိုလည်း ညဘက် အိပ်ရေးပျက်ရာတယ်ဆိုပြီး၊ သူတို့ ထောင်ဝင်စာအထုပ်ထဲက မုန့်ပဲသရေစာလေးတွေ လှူကြရာသည်။ အမေစန်းက မျက်စိမှိတ်ပြီး ဆုတောင်းပေးသည်။

"ငါ့သမီးလေးတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ အမြန်ဆုံး သည်ထောင်က လွတ်ကြပါစေ..." ဟု။

***

"ဟော... မတင် နေမကောင်းဘူးလား"

(၈)ဆောင် အပေါ်ထပ်သို့ အမေတင် တက်လာသဖြင့် အမေစန်းက ဆီးမေးခြင်းဖြစ်၏။ ကြမ်းပေါ်လှဲအိပ်နေသော အမေစန်းနား အမေတင် လာထိုင်သည်။ အမေတင်ကား အပေါ်ထပ်မှာနေလေ့မရှိ။ ပန်းဆောင်ဘက်မှာ၊ ဇာဆောင်ဘက်မှာ၊ လက်သုပ်ရောင်းနေသူ ဖြစ်၏။ အပြင်မှာ ချဲရောင်းသူများကို ထမင်းရောင်းခဲ့သော အမေတင်သည် ထောင်ထဲမှာလည်း အောင်မြင်သော အသုပ်သည် ဖြစ်နေလေသည်။

အမေတင်က သူ့ရင်ဘတ်လေးကို လက်ဖြင့်ဖိရင်း ရှုံ့မဲ့နေသည်။

"ဟုတ်တယ်... ဒေါ်စန်းရေ၊ ဒီနေ့ ပိုပြီးရင်ကျပ်လာလို့"
"ဘမ်းပရုတ်ဆီ လူးမလား"
"ခဏခဏတောင်းရတာ အားနာလာပြီ"
"ရပါတယ်အေ၊ ဘဝတူတွေပဲဟာ"

အမေစန်းက သူ့ခြေရင်းရှိ ပလတ်စတစ်အိတ်ကြီးကို ဇစ်ဖွင့်လိုက်သည်။ အထဲက ကော်ဘူးကြီးကို ထုတ်လိုက်သည်။ ကော်ဘူးထဲမှာ ငရုတ်ဆီ၊ လျက်ဆား၊ ဦးစိုင်းလိမ်းဆေး၊ ဝမ်းနုတ်ဆေး၊ ဝမ်းပိတ်ဆေး၊ ပါရာစီတမော၊ နုရှိဘီရမ် စုံနေအောင်ရှိသည်။

အမေစန်းက ညဘာရာတာဝန်ကို ယူသဖြင့် နေ့ခင်းတစ်နေ့လုံး (၈)ဆောင်အပေါ်ထပ်မှာ လှဲအိပ်နေတတ်သည်။ ကြမ်းပြင်က ကျွန်းလျှာထိုးဆိုပေမဲ့ ကြမ်းပိုးပေါ၏။ သည်တော့လည်း ကြမ်းပိုးတွေထွက်လာအောင် ကြမ်းကြားထိုးနေရတော့ အပျင်းပြေလေသည်။ အမေစန်းမှာ ဘာတာဝန်မှမရှိတော့။ မကန်ထမင်း၊ ညထမင်းကို တန်းစီဖို့အတွက် (၃၀-ဃ)ထဲက ကောင်မလေးတစ်ယောက်ကို ငှားထားသဖြင့် မပူရ။ ကောင်မလေးကို တစ်ပတ်မှာ ဆေးလိပ် (၁၀)လိပ်ပဲ အလုပ်သမားခအဖြစ် ပေးရတာပါ။

"သာဓုပါတော်... သာဓုပါ"
အမေတင်က အမေစန်း လှမ်းပေးသော ပရုပ်ဆီဘူးကို လှမ်းယူရင်း သာဓုခေါ်၏။ ပရုပ်ဆီကို ရင်ဘတ်မှာတပြင်လုံးအနှံ့လူးပြီးမှ ဘူးကို ပြန်ပေးကာ...

"ဒီအပတ် သမီးတွေပဲလာသလား"
အာလာပသလ္လာပအဖြစ် မေးရ၏။

အမေစန်းက ယောင်ယောင်လေးမျှ ပြုံးသည်။
ဆောင်းတွင်းလေ တစ်ချက်ဝေ့လာသဖြင့် နဖူးပေါ်မှပြန့်လွင့်နေသော ဆံပင်ဖြူဖြူများကို သပ်တင်နေ၏။

အမေစန်း ဝမ်းနည်းလေသလားမသိ။ အမေတင်က မျက်နှာလွှဲလိုက်သည်။ အမေစန်းမျက်နှာ ညှိုးတာကို မမြင်ချင်။ ကိုယ်ချင်းစာသည်။

"ဟုတ်တယ်၊ သူတို့အဖေက နည်းနည်းနေမကောင်းသေးဘူးတဲ့"
ပြန်ဖြေသော အမေစန်းအသံက အားနွဲ့နေလေသည်။

အမေစန်းက သွေးဆေးလျက်ဆားပုလင်းကို ဖွင့်ပြီး လျှာပေါ်တင်နေ၏။ အမေတင်က ကြမ်းပြင်ပေါ် ပက်လက်လှန်ရင်း ရင်ကျပ်သက်သာလိုသက်သာငြား လေကို ပါးစပ်ဟ၍ ရှူနေသည်။

"အင်း... ရင်က လင်ကို သိပ်ချစ်တာနော်"
အမေတင်က မျက်နှာကြက်ကို ကြည့်ရင်း မှတ်ချက်ချ၏။ မျက်နှာကြက်ကား ဖြူဖွေးနေသည်။ သန့်ရှင်းနေသည်။ ဘုရားစင်ပေါ်က မြေဖူပန်းများ ရနံ့ကလည်း သင်းကြိုင်နေလေသည်။ အေးလေ... ဘာဖြစ်သေးလဲ။ ကိုယ့်အိမ်ထက်တောင် ကောင်းသေးဟု အမေစန်း ခဏခဏပြောတာကို သတိရ၏။ အမေစန်းကား တရားနှင့် ဖြေတတ်သူပေပဲ။

"အေးပေ့ါလေ"
အမေတင်က ဘာရယ်မဟုတ်သော လေသံဖြင့် ဖြေလိုက်၏။ ခုတလော ဘာတွေတွေ့ အေးပေ့ါလေဟု သဘောထားတတ်နေပြီပဲ၏။ အမေစန်းက သွေးဆေးလျက်ဆားပုလင်းထဲက ဆေးမှုန့်များကို အမေတင့်လက်ထဲ ထည့်ဖို့ပြင်၏။ အမေတင်က လက်ဖဝါးဖြန့်ခံလိုက်သည်။

အမေစန်းက တစ်ချက်ပြုံးပြီး...
"ချစ်ဆို... ငယ်ပေါင်းတွေကိုး မတင်ရဲ့။ သူတစ်သက်လုံး ကျုပ်တို့ကို လုပ်ကျွေးလာခဲ့တာ။ နည်းတဲ့ကျေးဇူးမှတ်လို့။ ငွေရေးကြေးရေး ဘာမှမပူရဘူး။ သားငယ်၊ မယားငယ် မယူဘူး။ မူးယစ်သောက်စား မရှိဘူး။ အဲ... ဖဲဝါသနာလေးတစ်ခုပဲ"

အမေတင် ရယ်သည်။

"ဖဲဝါသနာပါတာလေး"... တဲ့။

အမေစန်းက သူ့လင်ကို ညာညာတာတာ ပြောနေတာပါ။ အဲသည် "ဝါသနာလေး" ကြောင့် အမေစန်း ထောင်(၆)လ ကျနေတာကိုများ ခွင့်လွှတ်နေသေးသည်ဆိုပြီး အမေတင် ရယ်ချင်သည်။

အမေတင် ရယ်ပေမဲ့ အမေစန်းက မရယ်ချေ။

ပြတင်းသံတိုင်များကြားမှ ခပ်ဝေးဝေး သစ်ပင်ဖျားများဆီ ငေးနေသည်။ သစ်ပင်တွေက စိမ်းစိမ်းလန်းလန်း မရှိကြ။ မိုးတွင်းတုန်းကလို စိုလဲ့တောက်ပမနေကြ။ ဖုန်တွေပဲ ကပ်နေလား မသိ။ အရောင်တွေ မွဲခြောက်နေသလိုပဲ။

ဆောင်းနေရောင်ကလည်း ဆောင်းမဆန်ပေ။

ဝါဖန့်ဖန့် တောက်တောက်ကြီး ဖြစ်နေသည်။ ရာသီဥတုများကလည်း ကိုယ်တွေငယ်ငယ်ကလို မဟုတ်ကြတော့။ ဖောက်ပြန်နေကြပြီ။ အေးလေ... အားလုံးဟာ သင်္ခါရတွေပဲ။ သင်္ခါရဆိုတာ ပြုပြင်စီရင်ခြင်းဟု ကိုယ့်ယောကျ်ား(ဘုန်းကြီးကျောင်းထွက်)က ပြောနေကျပါ။ သည်တော့ အရာရာဟာ ဖောက်ပြန်မှာပဲ၊ ပြောင်းလဲမှာပဲ။

အမေစန်းက အုတ်တံတိုင်းထိပ်က ခိုလေးတွေကိုလည်း ကြည့်ပြီး တရားကျသည်။ (၈)ဆောင်နားမှာ ခိုငှက်တွေ များပြားလှ၏။ ဘာကြောင့်များ သည်အကျဉ်းထောင်ထဲမှာ ဒီခိုတွေ လာစတည်းချကြပါလိမ့်။ သူတို့ကို ဘယ်သူကမှ ထောင်ထဲ မသွင်းထားဘဲနဲ့။ ထောင်မှာများ ဘာဖြစ်လို့ လာပြီးပျော်နေကြတာလဲ။

အဖြေကတော့ ထောင်ထဲမှာ အစာပေါလို့ပါပဲ။

ထောင်ထဲမှာ အစာပေါသည်ဆိုတော့ ယုံကြပ့်မလားမသိ။ စားကြွင်းစားကျန် ပေါတာကို ပြောတာပါ။ ဘယ့်နှယ်လူပေါင်း လေးငါးထောင် နေ့တိုင်း ထမင်း(၂)နပ် စားကြတာဆိုတော့ စားကြွင်းစားကျန်က ပေါပြီပေ့။ ထောင်ထမင်းဆိုတာ ဘယ်လိုပင် ဆန်မကောင်းဘူးဆိုသော်လည်း သက်ဆိုင်ရာတို့သည် ထမင်းကို ဘယ်ရွှေဘယ်မျှ သတ်မှတ်မထားချေ။ ထမင်းဖို(ထမင်းတောင်း) လာတုန်း ကိုယ့်ခွက်နှင့်ခံထားလျှင် စား၍မကုန်ချေ။ အများအားဖြင့် ပိုကြသည်။ ဒီတော့ ခိုကလေးတွေအတွက် အစာပေါနေသည်။

အမေစန်းက အပြင်ကိုငေးဆဲ အမေတင် အိပ်ပျော်သွားသည်။ အမေစန်းလည်း မျက်စိကိုမှတ်ပြီး အိမ်ကိုသွားလိုက်၏။

***

အမေစန်းတို့အိမ်က ဝန်ထမ်းအိမ်ရာဖြစ်သည်။ အမေစန်းယောကျ်ား ဦးလှသောင်းကား ရိုးသားသော ဝန်ထမ်းတစ်ဦး၊ သစ္စာရှိသော ဝန်ထမ်းတစ်ဦး၊ ဝါရင့်သော ဝန်ထမ်းတစ်ဦး ဖြစ်၏။

အမေစန်းတို့အိမ်ခန်းမှာ တနင်္ဂနွေဆို လူစည်သည်။ ဦးလှသောင်းက သဘောကောင်းကောင်း၊ အမေစန်းက ဖော်ဖော်ရွေရွေ၊ သမီးတွေက အေးအေးချမ်းချမ်းဆိုတော့ ညှော့ပျော်သည်။ တနင်္ဂနွေမနက်ကတည်းက တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြ၏။ တချို့လည်း စားစရာ

အကြော်လေးဘာလေး ပါလာသည်။ ကိစ္စမရှိပါ။ အမေစန်းက ပဲခြမ်းကြော်သုပ်၊ လက်ဖက်သုပ်ကို အရသာထူးထူးကဲကဲပေါ်အောင် သုပ်တတ်၏။ ရေနွေးကြမ်းအိုး မပြတ်စေရ။ လက်ဖက်ခြောက်ကို လော့်ပြီးခပ်တာမို့ မွှေးနေသည်။ အမေစန်းသည် "ကိုယ့်မျက်စိအောက်မှာပဲ" ဟု လင်ကို ဂရုတစိုက်ပြုစုရင်း လင့်ဧည့်သည်များကိုပါ ကြည်ဖြူခဲ့သည်။ ဖဲဝိုင်းက ညဉ့်နက်လျှင်ပင် စောင်လေးဘာလေး ထုတ်ပေးသေးသည်။ ငါ့လင် အိမ်မှာပျော်ရှာတယ်၊ အငယ်အနှောင်းမရှာ... ဟု စိတ်ချမ်းသာသည်။

ရဲတွေဝိုင်းသောနေ့ကိုမူ မမေ့နိုင်။
မိုးလေးဖွဲဖွဲ ရွာနေ၏။

စီမံချက်ဆိုလား... ဖြန်းဆို ဝင်လာကြတော့... အမေစန်းယောကျ်ား ရေအိမ်ခဏဝင်နေဆဲ။ အမေစန်းက ရေနွေးကြမ်း ထပ်ဖြည့်ပေးနေဆဲ။ တစ်ဝိုင်းလုံး ဖမ်းသည်။ အိမ်ရှင်ကိုပါ ဖမ်းသည်။

ဤတွင် အမေစန်း ရင်ကော့လိုက်၏။
"ကျုပ်ကိုဖမ်း... ကျုပ်ယောကျ်ားမပါဘူး"

ဒါက အမေစန်း အမြော်အမြင်ကြီးတာပါ။ စဉ်းစားကြည့်လျှင် ဒီအခန်းလေးက အမေစန်းယောကျ်ား အမည်နှင့် ရထားခြင်းပဲ။ ယောကျ်ားကို ဖမ်းသွားလျှင် ပထမဆုံး ဝန်ထမ်းအလုပ်ပြုတ်မည်။ တစ်ဆက်တည်း အိမ်မှ ဖယ်ပေးရမည်။

အခု အမေစန်းကိုဖမ်းတော့ မိုခိုသူမို့ မိသားစုကိုမထိခိုက်။ ဦးလှသောင်း အလုပ်မပြုတ်။ အိမ်ခန်း ဖယ်မပေးရ။

အမေစန်းက ကိုယ့်လုပ်ရပ်ကို ကိုယ်ဂုဏ်ယူသည်။ မှန်ကန်သည်ဟု ယူဆသည်။ ဘယ်တော့မှ နောင်တရလိမ့်မည် မဟုတ်။ ကိုလှသောင်းကိုလည်း ဘယ်တော့မှ အပြစ်မြင်လိမ့်မည် မဟုတ်ချေ။ သူ့ခမျာ "ဒီ ဝါသနာလေး" ပဲ ရှိရှာတာ။

အမေစန်း အချုပ်ထဲရောက်တော့ ဦးလှသောင်းက မကြည့်ရက်၍ လူချင်းလဲမည် လုပ်သေးသည်။ ဦးလှသောင်းလက်ကို လှမ်းကိုင်ရင်း အမေစန်းက တရားပြရ၏။

"တော်စဉ်းစားကြည့်၊ ကျုပ်က ဒါ... တော့်ကို ကျေးဇူးဆပ်တာ၊ တော်အလုပ်ပြုတ်လို့ မဖြစ်ဘူးလေ။ သမီးတွေ မဟုတ်တာ ဖြစ်ကုန်မှာပေါ့"

သည်တော့လည်း အမေစန်းယောကျ်ားက ယောကျ်ားတန်မဲ့ မျက်ရည်တွေဝဲလို့...။ မင်း သိပ်ကို အနစ်နာခံပါပေတယ်။ အမရာကိန္နရီ မဒ္ဒီသဗ္ဗူလတို့လို တော်လေးဝန္ဓယ် ဝင်ပါပေတယ်ဟု ဆိုရှာသည်။

ဒါနှင့်ပဲ အမေစန်းလည်း ထောင်ကျရတာ တန်သွားသည်။

အပြစ်ဒဏ်က (၆)လဆိုပေမဲ့ လျှော့ရက်တွေရှိသတဲ့။ သာမန်လျှော့ရက်၊ ကောင်းမွန်စွာနေ၍ လျှော့ရက်၊ အလုပ်လုပ်၍ လျှော့ရက် စသဖြင့် ထိုလျှော့ရက်တွေအပြင် ဘာရာလို တာဝန်မျိုးက လျှော့ရက်ပိုပြီးများသဖြင့် အမေစန်း "ညဘာရာ" တာဝန်ကို တောင်းယူခဲ့ခြင်းတည်း။

အိပ်ရေးတော့ ပျက်တာပေါ့။

တစ်ညလုံး သံတိုင်မှီပြီး (၁၅)မိနစ်တစ်ကြိမ် အော်နိုင်ဖို့ အိပ်မငိုက်အောင် ဂရုစိုက်ရသည်။ အသံကို ကြိုးစားအော်ရသည်။

"(၈)ဆောင် အပေါ်ထပ်၊ လူပေါင်း(၂၃၁)၊ အားလုံး ကောင်းပါတယ်ရှင့်..."

***

ပထမ(၃)လတုန်းက ထောင်ဝင်စာကို အမေစန်း ယောကျ်ားကိုယ်တိုင် (တစ်ခါတစ်ရံ သမီးတစ်ယောက်နှင့်) လာတွေ့လေ့ရှိ၏။ မင်း ဘာစားချင်လဲ၊ မင်းကြိုက်တတ်တဲ့ ခရမ်းသီးနှပ်ပါတယ်နော်၊ အားဆေးရော ကျန်သေးလား၊ ကျန်းမာရေး ဂရုစိုက်၊ စိတ်ပုတီးစိပ်... စသော စကားသံတွေက ခွင့်ပြုချိန် (၁၅)မိနစ်အတွင်း မရိုးနိုင်ခဲ့။

နောက်ပိုင်းတော့ သမီးတွေပဲ လာကြသည်။
အဖေ နေမကောင်းဘူးဟုပဲ ပြောကြသည်။
အမေစန်းယောကျ်ား နလုံးရပ်ပြီး ကွယ်လွန်သွားပြီဟု အမှန်အတိုင်းပြောလျှင် အမေစန်းလည်း နလုံးရပ်သွားနိုင်သည်။ သမီးတွေက ဟန်မပျက် ဖုံးထားခဲ့ကြ၏။

သို့သော် တစ်ယောက်စကား တစ်ယောက်နား ဘေးလူတွေကတော့ သိနေကြပြီ။
အမေစန်းကား...
"(၈)ဆောင်အပေါ်ထပ်၊ လူပေါင်း(၂၃၁)၊ အားလုံးကောင်းပါတယ်ရှင့်... "
ဟု အော်နေရှာဆဲ...။

"ဒီတစ်ခါ ထောင်ဝင်စာလာလို့ တွေ့လိုသူနာမည်မှာ 'ကိုလှသောင်း' ဆိုရင် အမေ့ကို မိတ်ကပ်ဘူး ငှားကြစမ်းပါ"
ဟု နောက်သလိုလို ပြောနေသေးသည်။

လွတ်ရက်ရောက်၍ အိမ်အပြန် သူ 'ကိုလှသောင်း' ကိုမတွေ့ရလျှင်...
အားလုံးက အမေစန်းအတွက် အသက်ရှဲရှဲ မရှူရဲကြ။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ)

*****

# ဘုတ်ကိုင် အမေတင်

အမေတင် ဆိုလျှင် (၈)ဆောင်တစ်ဆောင်လုံးက သိကြသည်။ အသက်(၅၀)ကျော်ဆိုသော်လည်း တောသူလယ်လုပ် ခားမခုတ်မို့ နဖူးပြောင်ပြောင်၊ ဆံပင်တင်းတင်း၊ ရင်ဖုံးလက်ရှည်နှင့် မိန်းမကြီးကို 'အမေ' ဟု ခေါ်ကြသည်။ အမေ့နာမည်က ဒေါ်တင်ဆိုတော့ 'အမေတင်' ပေါ့။

အမေတင်ကို ထောင်မှူးကအစ၊ ထောင်ဘာရာအားလုံး၊ တန်းစီးအပြင် အကျဉ်းသူ အားလုံးက ချစ်ခင်ကြ၏။ အမေတင်... အမေတင်ဟု နှုတ်ဖျားမှာ ကျွမ်းဝင်ကြ၏။ အထူးသဖြင့် အမေတင်ထမင်းသုပ်ကို စွဲလမ်းနှစ်ခြိုက်ကြလေသည်။

အမေတင်က 'လျော့ရက်' ရအောင် 'ဘုတ်ကိုင်' ရာထူးကို ရယူခဲ့၏။ ထောင်ထဲမှာ တောင်ယာဘုတ်ကိုင်၊ ပန်းဘုတ်ကိုင်၊ ဇာဘုတ်ကိုင် စသဖြင့် အလုပ်ကြီးကြပ်သူ ရာထူးများရှိသည်။ ကျွမ်းကျင်သူ၊ အုပ်ချုပ်ကောင်းသူများကို ခန့်ထားမြဲ ဖြစ်သည်။ အမေတင်က ပန်းလုပ်ငန်းမှာ ကျွမ်း၏။ စက္ကူပန်း၊ အဝတ်ပန်း စသဖြင့် ရွာမှာတုန်းက အလှူတွေမှာ လုပ်နေကျမို့ ဒါတွေ လုပ်တတ်နေသည်။ ယခု ထောင်ထဲမှာ တတ်သည့်ပညာ မနေသာဆိုပြီး လုပ်ရသဖြင့် အမေတင်သည် 'ဘုတ်ကိုင် အမေတင်' ဖြစ်သွားခဲ့၏။

ပင်ပင်ပမ်းပမ်း ကြီးကြီးကျယ်ကျယ်ကား မဟုတ်ချေ။ လုပ်ငန်းပြရုံမျှသာဖြစ်ပြီး ထောင်ထဲမှာ အသက်သာဆုံးအလုပ်လည်း ဖြစ်ကာ အကောင်းဆုံး အဆောင်ကိုလည်း ရထားသည်။ (၈)ဆောင်အပေါ်ထပ်က အိပ်ဆောင်ဖြစ်ပြီး အပေါ်ထပ်မှာက အမေတင်တို့ 'ပန်းဆောင်' တည်း။

ပန်းဆောင်ပေါ်မှာက ကျွန်းလျှာထိုးကို ပေါလစ်တိုက်ထားသော ကြမ်းပြင်၊ သံတိုင်များ စိုက်ထားသော ကြမ်းထိပြတင်းပေါက်ရှည်ကြီးများကြောင့် လင်းကျင်းသာယာရှိလှ၏။ ပြောကြကြေးဆိုလျှင် ကိုယ့်အိမ်ထက်ထောင် ကောင်းသေးဟု အမေတင် ပြောလေ့ရှိသည်။ ဟုတ်သည်လေ။ အမေတင့်အိမ်က ဝါးကြမ်းခင်း၊ ဝါးကပ်မိုး၊ ဝါးထရံကာဆိုတော့ ယိုင်ယဲ့ယဲ့ပေါ့။ အခု... ပန်းဆောင်ကြီးက မြင့်မြင့်စွင့်စွင့်နှင့်။ လေကောင်းလေသန့်လည်း ရသည်။ အဝေးမြင်ကွင်းလည်း ရှိသည်။ ပတ်ပတ်လည်က အုတ်တံတိုင်းကြီးများထက် မြင့်သဖြင့် အပေါ်စီးက မြင်ရသည်။ ပန်းဆောင်ပေါ်မှကြည့်လျှင် အမျိုးသားဆောင်ဆေးရုံကို လှမ်းမြင်နိုင်သည်။ ခပ်ဝေးဝေးမှ အကျဉ်းဦးစီးဝန်ထမ်းအိမ်ရာများ၊ တောင်ယာစိုက်ခင်းများကိုလည်း မြင်သည်။ အင်းစိန်ဘူတာဘက်ဟု မှန်းဆရသော နေရာရှိ ကုက္ကိုပင်ကြီးများကိုပင် ခပ်ပျပျ မြင်နိုင်လေသည်။

"အမေတင် ထမင်းသုပ် မရသေးဘူးလား"
ဆေးမချို အဆောင်ပေါ်တက်လာပြီး မေးသည်။ အမေတင်က နေ့ခင်း ရေချိုးလာချိန်မှာ ထမင်းသုပ်ရောင်း၏။ ဒါက မခက်လှပါ။ မနက် ထမင်းပိုယူထားရုံပါပဲ။ အိမ်မှ ထောင်ဝင်စာထုပ်မှာ မြေပဲ၊ နမ်း၊ ဆီချက်၊ ဟင်းခတ်မှုန့်၊ မန်ကျည်းသီး၊ ပဲမှုန့်၊ ငရုတ်သီးမှုန့်တွေ မှာထားသဖြင့် ထမင်းရတော့ အစပ်တည့်အောင် သုပ်၍ရသည်။

"အမေတင့်လက်ရာက သိပ်ကောင်းလို့ နေ့တိုင်း ဝယ်စားရတာ"
ဆေးမချိုက အမေတင့်အနီး ဝင်ထိုင်ရင်း ပြော၏။

ထောင်ထဲမှာ 'မချို' တွေ များသဖြင့် ဆေးမှုနှင့်ကျသူကို 'ဆေးမချို' ၊ ဂျင်မှုနှင့်ကျသူကို 'ဂျင်မချို'၊ ခိုးမှုနှင့် ကျသူကို 'ခိုးမချို' ဟု ခွဲခြားခေါ်ရ၏။ အခု မချိုက ဆေးမချို။

"ဩော်... အမေတင်က ထမင်းသည်ကိုးကွဲ့"
အမေတင်က သူ့အိတ်ကြီးထဲမှ အသုပ်ပစ္စည်းတွေ စီချရင်း ဆိုသည်။

"အိမ်မှာတုန်းကလည်း အမေတင်က ထမင်းဆိုင်ဖွင့်တာလား"
ဆေးမချိုက အမေတင့်ဘေးမှ ဂက်စ်မီးခြစ်လေးကို လှမ်းယူပြီး မေးသည်။ လက်ထဲမှာပါလာသော ဆေးလိပ်စည်းထဲမှ (၁၀)လိပ်ရေတွက်ပြီး "ရော့... (၁၀)လိပ်ဖိုး" ဟု အမေတင့်ကို ပေးသည်။ အမေတင့် ထမင်းသုပ်က တစ်ပွဲ (၁၀)လိပ်လေ။

ကျန်ဆေးလိပ်များထဲက တစ်လိပ်ယူပြီး မီးညှိ၏။ အမေတင်က ဆေးမချိုပေးသော ဆေးလိပ်များကို စုထားပြီး ကြွပ်ကြွပ်အိတ်ကြီးထဲ ထည့်လိုက်သည်။ ထောင်ထဲမှာတော့ ဆေးလိပ်သည် ပိုက်ဆံ။ ဆေးလိပ်ရှိလျှင် အရာရာကို ဝယ်နိုင်သည်။

ငပိကြော်သုပ်၊ သရက်သီးသနပ်ထုပ်၊ ချိုချဉ်၊ ဘီစကစ်၊ ပေါင်မုန့်ကအစ၊ ဘော်လီ၊ ထဘီအထိ ဝယ်၍ရသည်။ ကိုယ်ရောင်းချင်လည်း ရသည်။ အပေါင်ခံသူလည်း ရှိသည်။

"အမေတင်က ထောင်ကျတာတောင် စီးပွားရှာရသေးတယ်။ ဝဋ်ကြွေးပေါ့ သမီးရယ်"
"အပျင်းပြေတာပေါ့ အမေတင်ရာ။ သိပ်မကြာခင် အမေတင် လွတ်တော့မှာ ဟုတ်လား"
"ခြောက်လ ကျန်သေးတယ်"
"ကျွန်မဆို (၅)နှစ်တောင် နေရဦးမှာ"
"အေးလေ... ကံစီမံတာကို"

အမေတင်က ပလတ်စတစ်ဇလုံထဲ အဆာပလာများထည့်ပြီး နယ်သည်။ မချိုက ရေနွေးကြမ်းခွက်ကို ကိုင်ရင်း အမေတင်အသုပ်နယ်သည်ကို ငေးနေသည်။ အမေတင့်လက်တွေက ကျင့်သားရထားသည့်အတိုင်း အသုပ်ကို နယ်နေဆဲ... အမေတင့်စိတ်ကား ရွာသို့ ပြေးသွားနေလေသည်။

***

ဂျိုးဖြူဆိုတာ ရန်ကုန်တိုင်းထဲမှာပါပဲ။
တိုက်ကြီးမြို့နယ်ထဲမှာပါ။

ဂျိဖြူရေလှောင်ကန်ကြီးမှ ရေပိုက်ကြီးများဖြင့် ရန်ကုန်တစ်မြို့လုံးကို ရေပေးဝေခဲ့တာ ခုဆို နှစ်(၁၀၀)ကျော်ခဲ့ပြီပဲ။ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအလုံးကို အပိုင်သိမ်းပြီး (၁၀)နှစ်အကြာ ၁၈၉၅ ခုနှစ်မှာ ဒီစီမံကိန်းကို လုပ်တာတဲ့။

မောင်မင်းကြီးသားများ အမြော်အမြင်ကြီးပါပေရဲ့...
ဟု အမေတင့်ဘကြီးက ပြောခဲ့ဖူးသည်။ ကြည့်ပါလော့။ အမေတင့်မိဘများ၊ ဘကြီးများသည် ဟိုအဝေးပျပျမှာ မြင်ရသော တောင်ညိုတောတန်းမှာ ဝါးတွေခုတ်ပြီး ဂျိုးဖြူကန်အထိ ရေရိုးတစ်လျှောက် ဖောင်ဖွဲ့လှော်ခတ်ခဲ့ကြ၏။ ဂျိုးဖြူကန်ထိပ်ရောက်မှ ကမ်းပေါ်တင်ကာ ပခုံးထမ်း၍ ရွာအရောက်သယ်ကြ၏။ ဂျိုးဖြူကန်သည် သောက်ရေ၊ သုံးရေ ပေးရုံသာမဟုတ်။ အမေတင်တို့ မိဘဘိုးဘွားများအတွက် ဝါးခုတ်ဝါးသယ်၊ ဝါးရောင်းဖို့ ကြားခံအဖြစ် ကူညီသူ ဖြစ်နေလေသည်။

အမေတင်တို့ ရွာအမည်က 'ဘန့်ဘွေးကွင်း' ပါ။ ကွင်းဆိုသော်လည်း အမှန်က တောင်ခြေရွာကလေး ဖြစ်၏။ သစ်ဝါးအလုပ်၊ တောကောင်ပစ်ခြင်းအလုပ်ဖြင့် သမားရိုးကျ၊ ရိုးသားစွာ နေထိုင်ခဲ့ကြသည်။ ရွာထိပ်မှာ အစိမ်းရင့်ရောင်၌ အဖြူဖြင့်ရေးထားသော ရွာမှတ်တမ်း ဆိုင်းဘုတ်ကို မြင်နိုင်ပါသည်။

တိုက်ကြီးမြို့နယ်၊ ချင်းကုန်းအုပ်စု
ဘန့်ဘွေးကွင်းရွာ၊
အိမ်ခြေ... ၁၇၆
အိမ်ထောင်စု... ၁၈၀
လူဦးရေ... ၈၂၀

ဤလူဦးရေ (၈၂၀)ထဲမှာ အမေတင်တို့ မိသားစုဦးရေ (၃)ယောက်ပါသည်။ အမေတင်နှင့် သမီးမိပုရယ်၊ သူ့သားလေး ငခွေးရယ်။ မိပုက ယောက်ျား တောတက်ရင်း ငှက်ဖျားမိခဲ့၍ သေလွန်ရှာသဖြင့် မုဆိုးမငယ်ငယ်လေး၊ ငခွေးက အခုမှ ရွာကျောင်းမှာ သူငယ်တန်း။ သို့သော် အမေတင်က ကျန်းမာသည် ရောင်းနိုင်ဝယ်နိုင်သည်။ မုဆိုးမသမီးနှင့် မြေးကို ထမင်းဆိုင်ဖွင့်ပြီး ကျွေးခဲ့သည်။

"ထမင်းဆိုင်ဖွင့်တော့ ထမင်းမငတ်ဘူးပေ့ါအေ"
အမေတင်က လောကခံကို သည်လိုဖြေတတ်သူ။

အမေတင့်ထမင်းဆိုင်လေးက အိမ်နှင့်တွဲလျက်။ အိမ်ရှေ့မှာ ဝါးယက်မိုး၊ တာလပတ်ကာပြီး ခုံနိမ့်လေးတွေနှင့်ပါ။ တောတက်၍ ပြန်လာသူတိုင်း အမေတင့်ထမင်းဆိုင်မှာ ဝင်နားကြသည်။ ထမင်းမစားလည်း ရေနွေးကြမ်းကျကျ ပူပူကို အားမနာတမ်း သောက်နိုင်လို့ပါပဲ။

အဲသည်ကာလတစ်ခုမှာတော့ အမေတင့်ထမင်းဆိုင်မှာ ပို၍ လူစည်နေခဲ့၏။ ထိုးသားများ၊ ဒိုင်များ၊ လက်ခွဲဒိုင်များ အလျော်အစားများ... နေ့စဉ် လူစည်ကားလို့နေသည်။ ပေါက်တဲ့လူက ဟင်းကောင်းကောင်းအပြင် ငါးခြောက်ငါးခြမ်း ဝယ်သည်။ မပေါက်တဲ့လူက အကြွေးပေါ့။

ထိုနေ့ကိုတော့ အမေတင် စိတ်နာသည်။

သက်ဆိုင်ရာကလူများ ရုတ်တရက်ရောက်လာပြီး ဖမ်းတာ။ ရောင်းသူ မအေးသန်းလင်မယား၊ လက်ခွဲဒိုင်လုပ်သူ ကိုပွတို့ကို လက်ထဲမှာ စာရွက်တွေနှင့်တကွ မိသည်။ သည့်အပြင် အမေတင်က အိမ်ရှင်တဲ့။

အတိုဆုံးပြောရလျှင် ချဲမှုက ကြမ်းခင်းဈေး (၃)နှစ်။ မရောက်ဖူးသော အရပ်သို့ အမေတင် ရောက်ရတော့၏။

***

"ကဲ... အသုပ်က နယ်လို့ပြီးဦးမှာလား"
ဆေးမချိုကပြောမှ အမေတင် လက်ကမ်းရင်း ...
"ရှာကို သတိရလို့ပါအေ။ ခုနေ အမေတင့်မြေးလေး ဆာများနေမလားလို့။ သူ့အမေက ဆိုင်တစ်ဖက်နဲ့... "
"မတွေးနဲ့ အမေတင်ရေ။ မချိုဆို အဖေအိုကြီးကို ရောဂါနဲ့ ထားခဲ့ရတာ။ လောဘတွေပေါ့လေ။ မချိုက ပိုက်ဆံများများ တရားမဝင်လိုချင်ခဲ့တာကိုး။ ခုတော့... နောက်(၅)နှစ် နေရဦးမယ်။ တတ်နိုင်ဘူး။ ကဲ... အချဉ်ရည်ထည့်ပါဦး"

ဆေးမချိုက ခပ်ပျော်ပျော်ပဲ။

အမေတင်က မန်ကျည်းရည် ဖြည့်ပေးရင်း...
လက်မောင်းတစ်ဖက်ဖြင့် ချွေးသုတ်ရ၏။

ချွေးနဲ့အတူ မျက်ရည်စများလည်း ပါသွားကြတာကို မသိချင်ဟန်ဘဲ နေလိုက်တော့သည်။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ)

*****

## အိမ်ဖော် ဒေါ်ဘု

'ဒေါ်ဘု' ဆိုလျှင် အကျဆောင်တစ်ဝင်းလုံးက သိကြသည်။ 'အကျဆောင်' ဆိုသည်မှာ အဆောင်(၇)၊ (၈)နှင့် တိုးချဲ့ဆောင်တို့ ဖြစ်၏။ အင်းစိန်စံပြ ဗဟိုအကျဉ်းထောင်မှာ (၇)နှင့်(၈)သည် အမျိုးသမီးအကျဉ်းကျသူများ အဆောင်တည်း။ (၈)ဆောင်အပေါ်ထပ်၊ အောက်ထပ်မှာ လူ(၃၀၀)ခန့်နှင့် တိုးချဲ့ဆောင်မှာ (၅၀)ခန့် ရှိတတ်ပြီး (၇)ဆောင်ကား အိပ်ဆောင်မဟုတ်။ အလုပ်လုပ်သော အဆောင်ဖြစ်သည်။ (၇)ဆောင်အောက်ထပ်မှာ ဇာထိုးသော

အလုပ်လုပ်သဖြင့် 'ဇာဆောင်' ဟု ခေါ်ပြီး အပေါ်ထပ်မှာ ပန်းလုပ်သဖြင့် 'ပန်းဆောင်' ဟု ခေါ်သည်။ ဗြိတိသျှအစိုးရလက်ထက်က ဆောက်လုပ်ခဲ့သော အုတ်တိုက်ကြီးဖြစ်၍။ ထုထည်ကြီးမားပြီး အရပ်အမိုးမြင့်သည်။ အောက်ထပ်မှာ အင်္ဂတေကာ၊ အင်္ဂတေးခင်းဖြစ်လျက် အပေါ်ထပ်ကား ကျွန်းလျှာထိုး၊ စက်ပေါလစ်နှင့် ဖိတ်ဖိတ်လက်နေလေသည်။

***

ဘာမှုနှင့်ပဲ ကျလာသည်ဖြစ်စေ၊ ပန်းဆောင်ပေါ်မှာ နေလိုကြ၏။ ပန်းဆောင်မှာ နေ့လယ်နေ့ခင်း ကျောခင်း၍ရသည်။ ပန်းလုပ်ရတာက စတိသဘောမျှသာပါ။ မိမိတို့အုပ်စုလိုက် စားစရာအထုပ်တွေ ထားပြီး မနက်စာ၊ နေ့လယ်စာ၊ ညစာကို စားကြသည်။ လူရွေးပြီး နေရာချပေးသဖြင့် လူနည်းသည်။ လူသန့်သည်။ ပြောရလျှင် နရသိန်၏ အထက်တန်းလွှာရပ်ကွက် ဆိုကြပါစို့။

"ဟိုဘက်အိမ်က ဘာဟင်းချက်လဲကွယ်"
"ဟီးဟီး… ငါးပိရည်ဖျော်တယ်။ ချဉ်ပေါင်ဟင်းချက်တယ်"
အရယ်အမောလေး ရှေ့ကခံပြီးဖြေသူကား ဒေါ်ဘုဖြစ်၏။

လေးငါးယောက်တစ်စု၊ စိတ်တူရာစုပြီး စားကြသည်ကို 'ဟိုဘက်အိမ်' ဟု တမင် စိတ်ပြေလက်ပြေ ပြောကြခြင်းပါ။ ပန်းဆောင်ပေါ်မှာ သည်လို အစုအဖွဲ့လေးတွေ ခြောက်အိမ်လောက်ပဲ ရှိသည်။ ကျယ်ကျယ်ပြန့်ပြန့်၊ သန့်သန့်ရှင်းရှင်း။ အိမ်ကမိသားစုကိုသာ မလွမ်းတတ်ဘူးဆိုလျှင် မနေချင်စရာ ဘာမျှမရှိ။ ကိုယ့်အိမ်ထက်တောင် ကောင်းသေး။

သူတို့က ကြေးရတတ်များ ဖြစ်လေ့ရှိ၏၊ သည်တော့ (၁၅)ရက်တစ်ကြိမ် ထောင်ဝင်စာ ပို့ထားသော အစားအသောက်တွေက အလျှံအပယ်ပေါ့။ ဒါ့အပြင် ဒီစနေ သူ့အိမ်ကလာလျှင်၊ နောက်စနေ ကိုယ့်အိမ်ကလာဖို့ အပတ်ခွဲထားလိုက်တော့ နှစ်ပတ် တစ်ကြိမ် မဟုတ်တော့ဘဲ အပတ်တိုင်း ဖြစ်နေသည်။ စနေနေ့တိုင်း စားစရာတွေလာသည်။ အစိုအခြောက်၊ တိုလီမိုလီ။ သည်စားစရာတွေကို ကိုယ့်ဟာကိုယ် ပြန်စီစဉ်ဖို့၊ စားပြီး ပလတ်စတစ်ပန်းကန်တွေ ဆေးကြောဖို့ 'အိမ်ဖော်'လည်း ငှားထားနိုင်ကြပါသည်။ ထောင်ဝင်စာမလာနိုင်သော ဆင်းရဲသူတို့က ဤကြေးရတတ်များထံ အိမ်ဖော်လုပ်ကြသည်။ စားစရာပြင်ဆင်၊ ဆေးကြော၊ အဝတ်လျှော်၊ အဝတ်လှန်း၊ အိပ်ရာပြင်၊ အိပ်ရာသိမ်း… အစစခိုင်းနိုင်သည်။ အိမ်ဖော်အတွက် အသိုးအခကား တစ်လလုံးမှ ဆေးလိပ် (၂၀၀)၊ (၃၀၀) အများဆုံးပေါ့။ အဲ… ထမင်းတော့ ကျွေးရသည်။ ထမင်းလာလျှင် သွားတန်းစီရမည်။ နေ့ခင်း ရေနွေးလာလျှင် သွားတန်းစီ။ နေ့လယ် Tea Time ပေါ့လေ။

သည်လို အလုပ်လုပ်ဖို့ အိမ်ဖော်တွေ ပေါလှပါသည်။ အိမ်က ထောင်စာ မပို့နိုင်သူတွေက ဒုနဲ့ဒေးကို။ ဒေါ်ဘုကား ဤလို အိမ်ဖော်တစ်ဦး ဖြစ်လေသည်။

ဒေါ်ဘုကို တစ်ဝင်းလုံးက သိ၏။ တစ်ဝင်းလုံးက ချစ်၏။ ဒေါ်ဘု အမည်ရင်းကို ဘယ်သူမျှ မခေါ်။ ခါးမှာ ဘုလုံးကြီးနှင့်၊ ကျောရိုးကုန်းပြီး ပုပုလေးဖြစ်နေသဖြင့် ဒေါ်ဘုဟု ဘယ်သူက

စခေါ်ခဲ့မှန်းမသိ။ ဒေါ်ဘုကလည်း သူ့ကို ဒေါ်ဘုခေါ်ခြင်းကို နှစ်သက်စွာ ခံယူသည်။ တကယ်တော့ ဒေါ်ဘုသဘောကောင်းလွန်း၍ ထောင်ကျရသူတည်း။ အပြင်မှာတုန်းကလည်း ဒေါ်ဘုသည် အိမ်ဖော်ဖြစ်သည်။ တစ်အိမ်လုံး၏ ဩဇာကို ပြုံးပြုံးလေး ခံယူလုပ်ကိုင်ပေးနေကျမို့ ထောင်ထဲရောက်တော့လည်း အားလုံးကို ဒေါ်ဘု အောက်ကျခံသည်။ ကိုယ့်အလုပ်ရှင် မဟုတ်သောသူများ၏ အဝတ်တွေ ခြောက်တာတွေ့လျှင် ရုပ်ပြီး ယူလာပေးတတ်သည်။ ယုတ်စွအဆုံး အိမ်သာထိုင်ဖို့ ရေခပ်ပြီး လာပို့စမ်းပါဆိုလည်း... ဟီးဟီး... ဟုတ်ကဲ့ဟု လိုလိုလားလား ပို့တတ်သူတည်း။

"ငါးပိရည်ဖျော်တယ်" ဟု သူပြောရင်း သူက ငါးပိတွေကို ဇွန်းနှင့် ခေါက်နေသည်။ ငါးပိရည်(အရည်)တော့ ထောင်ဝင်စာက ဘယ်လက်ခံပါ့မလဲ။ အလုပ်ကသင်ဆိုသလို လူတွေက တတ်လာကြခြင်းသာ ဖြစ်၏။ အိမ်ကလူတွေက ရေကျိုငါးပိကို တောက်တောက်စင်းပြီး ခြောက်နေအောင် လှော်ပေးရသည်။ ကြောက်တာမဟုတ်။ ငါးပိရည်နဲ့ မပျောက်ဖို့ဆိုတာ လှော်မှဖြစ်တာ။ ရေခြောက်အောင် လှော်လိုက်တော့ မသိုးတော့ပေ။ နှစ်ပတ်တော့ ကောင်းကောင်းခံပါသည်။ သည်လို ငါးပိလှော်ကို စားခါနီးကျမှ ရေနွေးနှင့် ကော်ဖီဖျော်သလို ဖျော်ရ၏။ အရိုးလေးတွေ စစ်ချ၊ ငရုတ်သီးမှုန့်နှင့် ရသာချိုမှုန့်ထည့်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူနှင့် ဖျော်ချင်သပဆိုလည်း ကြွပ်ကြွပ်အိတ်ကလေးထဲထည့်ပြီး အပြင်က အုတ်ခဲနှင့် ထုရိုက်နိုင်သည်။ ငရုတ်သီးထောင်းတယ်ပေါ့။

ဒေါ်ဘုက ဒါတွေ ကျွမ်းကျင်သည်။

သူထောင်ထဲ နေလာတာကိုက (၃-၄)နှစ် ရှိပြီပဲ။ ဒေါ်ဘုကို လိုချင်သူများ၏။ ဆေးလိပ်ပိုပေးချင်ကြ၏။ သို့သော် ဒေါ်ဘုက သစ္စာရှိသည်။ သူ အလုပ်လုပ်သော အဖွဲ့(အိမ်)မှာ တာဝန်ကျေအောင်လုပ်သည်။ အချိန်ပိုလျှင် အခြားသူများကို ကူညီသည်။ ဒီ့အတွက် အခကြေးငွေမယူ။ အဝတ်အစားလေး ဘာလေးပေးလျှင်တော့ ယူသည်။ သည်တော့ ဒေါ်ဘုက ပုပုကိုင်းကိုင်းဆိုပေမဲ့ အဝတ်အစား မနွမ်းချေ။ သန့်လည်းသန့်၏။ ကြည့်လိုက်တိုင်း ပြုံးရွှင်ဖျတ်လတ်သူ။ သူ့ကိုသူ ထောင်ကျနေသည်ဟုမှ ထင်ရဲ့လားမသိ။

"ချဉ်ပေါင်ဟင်း နည်းနည်းပေးပါလား"
ဒေါ်ဘုကို တမင်နောက်ပြီး တောင်းကြတာပါ။

ဒေါ်ဘုက သဘောကောင်းသော်လည်း ပိုင်ရှင်မသိဘဲ ဘယ်တော့မှ မပေးချေ။ သူ့အဖွဲ့ခေါင်းဆောင် 'မမိုး' က ဒေါ်ဘု ပေးလိုက်ပါ ဆိုမှသာ ချဉ်ပေါင်ဟင်းပူပူကို ရေနွေးကြမ်းသောက်သော ကော်ခွက်လေးနှင့် ထည့်ပေးတတ်သည်။ အိမ်ရှင့်ပစ္စည်းကို သူ့ပစ္စည်းလိုပဲ နမြောတတ်သူ ဖြစ်၏။

ချဉ်ပေါင်းဟင်းချက်ပုံက အပြင်မှာလို မီးဖိုပေါ် ဆီသတ်ပြီး မွှေရတာတော့ မဟုတ်ပါ။ အိမ်တိုင်း ထည့်ပေးနိုင်တာမဟုတ်။ လွယ်လည်းလွယ်၊ ကြာကြာလည်းခံအောင် 'ချဉ်ပေါင်ကြော်'ပဲ ထည့်ပေးကြတာပါ။ သူ့အိမ် ကိုယ့်အိမ် ကွဲပြားသဖြင့် ချဉ်ပေါင်ကြော် ကြော်ပုံကြော်နည်း

မတူကြချေ။ တချို့က ပုစွန်ခြောက်နှင့် ကြော်သည်။ တချို့က ပုစွန်အစိုနှင့် ကြော်သည်။ တချို့က အစပ်ကြော်သည်။ တချို့က ငါးပိကဲသည်။ အရသာတွေ တစ်မျိုးစီ။ ဒါတွေကို စားရလွန်းတော့ ပါးစပ်က လက်မခံ ချင်ကြတော့ချေ။ အိမ်မှာတုန်းကလို ဟင်းရည်ပူပူလေးမှုတ်ပြီး သောက်ချင်ကြ၏။ ဤတွင် ဒေါ်ဘုက နေ့ခင်း ရေနွေးလာတာ စောင့်ယူပြီး ချဉ်ပေါင်ကြော်ကို ရေနွေးနှင့်ပြန်ဖျော်လေသည်။ ဆားလေး၊ ရသာချိုမှုန့်လေးထည့်သည်။ အဆင်သင့်ပါက တောင်ယာထဲမှ ပင်စိမ်းပင် အညွန့်လေးကိုပင် ခိုးချိုးခဲ့ပြီး ဟင်းရည်ထဲ ခပ်လိုက်သောအခါ မွှေးပျံ့သော ချဉ်ပေါင်ဟင်းချိုက အကျဉ်းထောင်ထဲမှာဟု မခံစားရတော့ချေ။

"ဒေါ်ဘုက သိပ်ဟင်းချက်ကောင်းတာပဲ"

အဖွဲ့ခေါင်းဆောင် မမိုးက အမြဲချီးကျူးတတ်၏။ သူကို ချီးကျူးတိုင်း မျက်လွှာကလေးချကာ ပြုံးနေတတ်သည်။ ပြီးတော့ "ကန်တော်လေးမှာလည်း ချက်ရတယ်လေ" ဟု ပြန်ဖြေ၏။ 'ကန်တော်လေး' ဆိုတာ သူ့အပြင်မှာတုန်းက နေခဲ့သော အိမ်ပါ။ ကန်တော်လေးက လမ်း(၉၀)ဆိုလား၊ (၈၉)လမ်းဆိုလား။ အဲသည်မှာ ဒေါ်ဘု အိမ်ဖော်လုပ်ခဲ့တာတဲ့။

သူ့အိမ်ရှင်က ဒေါ်ဘု အဖမ်းခံရပြီးကတည်းက ရုံးကိုလည်း လိုက်မလာ။ ထောင်ဝင်စာပို့ဖို့ဆိုတာ အဝေးကြီး။ အမှုထင်ရှားသဖြင့် ဒေါ်ဘု ထောင်ကျသည် (၅)နှစ်။

"ပြန်လွတ်ရင် ကန်တော်လေးပဲ ပြန်မှာလား"
မမိုးက ခဏခဏ မေးဖူး၏။

ဒေါ်ဘု မဖြေပေ။
မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့် ငြိမ်သွားလေ့ရှိ၏။

"ကလေးလေးကို လွမ်းတယ်"
ကလေးဆိုတာ အိမ်ရှင့်ကလေးကို ပြောမှန်း မမိုး သိသည်။ သူက 'ကလေး' ဟု ဆိုပေမင့် ကလေးက ငယ်ငယ်လေး မဟုတ်။

"ခုဆို ကလေးက ကောလိပ်တက်ပြီထင်တယ်"
"ဒေါ်ဘု ထောင်ကျတော့ ကလေးက ဘယ်နတန်းတုံး"
"အင်း... ရှစ်တန်း၊ အဲ... ကိုးတန်း"
"ဒေါ်ဘုက ကလေးကိုလွမ်းနေ၊ ကလေးကဖြင့် တစ်ခါမှ မလာဘူး"
မမိုးက ဒေါသကလေးဖြင့် ဆိုသည်။

ဒေါ်ဘုက ရီဝေဝေငေးရင်း...
"သူက... ကလေးလေးပဲ။ ကျွန်မ သူ့ကို လသားလေးကတည်းက ပုခက်လွှဲလာရတာ။ ကလေးက လိမ္မာပါတယ်"

"လိမ္မာလို့ပေါ့၊ ဆေးခြောက်ရှူတာ"
"ဒါကတော့ မမိုးရယ်… "
"သူ့မိဘတွေ မသိဘူးလား"
"ကျွန်မက မတိုင်တာ။ ကလေးက မတိုင်နဲ့ဆိုလို့"
"ဒီလိုပဲ နေ့တိုင်း ဝယ်ပေးရလား"
"အင်း… ဟုတ်တယ်။ ကလေးက မုန့်ဖိုးအများကြီးရတယ်။ ကျွန်မက ကလေးကျောင်းကို တစ်ရက်မှာ သူက ကျောင်းရှေ့ကွမ်းယာဆိုင်မှာ ပုန်းနေတယ်။ ကျွန်မကိုမြင်တော့ လက်ယပ်ခေါ်ပြီး ဆိုင်ရှင်ကို တီးတိုးပြောတယ်။ နောက်ဆို ဒီအဒေါ်ကြီး လာယူလိမ့်မယ်တဲ့"
"ဒေါ်ဘုက ဘာမှန်းမသိဘူးလား"
"ပထမတော့ မသိဘူး။ ထမင်းပို့ရင် ကွမ်းယာဆိုင်ရှေ့က ဖြတ်သွားရတာလေ။ ဆိုင်ရှင်က လှမ်းခေါ်ပြီး စက္ကူထုပ်လေးပေးတယ်။ ကျွန်မလည်း ထမင်းချိုင့်အပေါ်ဆင့်မှာ ပေါင်းထည့်ပြီး ကလေးကို ပေးလိုက်တာပါပဲ"
"ပိုက်ဆံချေတော့ကော"
"ကလေးက မုန့်ဝယ်ရင်း ချေတာ ထင်ပါရဲ့"
"ဘယ်လောက်ကြာလဲ"
"တစ်နှစ်လောက်ကြာမယ် ထင်တယ်။ ကလေးလည်း ဘာမှ မပြောရဘူးဆိုလို့ မိဘတွေကို ကျွန်မ မပြောဘူး"
"ဖမ်းတော့ကော ကလေးလက်ထဲမှာ မမိဘူးလား"
"မပေးရသေးဘူးလေ။ ကျွန်မလက်ထဲ အထုပ်ကိုင်ထားတုန်း ရဲတွေက ကျွန်မကို လာချုပ်ပြီး ဖမ်းတာ။ ကလေးထမင်းချိုင့်ပါပြောလည်း မရဘူး။ ထမင်းချိုင့်ပါသိမ်းပြီး ရဲစခန်းကိုခေါ်သွားတာ။ ကလေးနဲ့တောင် မတွေ့ခဲ့ရပါဘူး မမိုးရယ်"

သည်လိုပြောစဉ် ဒေါ်ဘု မျက်ရည်သုတ်သည်။

မမိုးက ဒေါ်ဘုကို ထုချင်ရိုက်ချင်သော်လည်း မထုရက်ပေ။

"ပြန်မသွားနဲ့။ အဲဒီ ကန်တော်လေးကို မပြန်နဲ့။ လွတ်ရင် မမိုးနဲ့ပဲ လိုက်နေ။ မမိုးက အရင်လွတ်မှာနော်။ ဒေါ်ဘု လွတ်မယ့်ရက် မမိုးကိုယ်တိုင် လာကြိုမယ်။ မမိုးမှာလည်း သမီးလေးတစ်ယောက် ရှိပါတယ်။ သမီးကတော့ ကြီးပြီ။ မမိုးဂျင်မှုနဲ့ ထောင်ကျတော့ သမီးက တက္ကသိုလ်ကျောင်းသူပေါ့။ မမိုးယောကျ်ားက သင်္ဘောသား။ အိမ်မှာ ဘယ်သူမှမရှိဘူး။ ဒေါ်ဘုလာနေ။ ခုလိုပဲ ချဉ်ပေါင်းဟင်းချက်ပေး။ ဟုတ်ဘူးလား"

မမိုးက ပျော်ပျော်နေတတ်သူမို့ သူစကားပြောပြီးလျှင် တဟားဟား ရယ်တတ်သည်။ ဒေါ်ဘုက လိုက်ရယ်တော့ ရယ်သည်။ မမိုးလို မပွင့်လင်း။

သူ့ 'ကလေး'ဆီပဲ စိတ်ရောက်နေပုံရ၏။

ပန်းဆောင်လေ့ကားထိပ်မှာ ခိုနှစ်ကောင် လာနားသည်။ မမိုးက ထမင်းလုံးပက်ကျွေးရင်း…

"မြန်မြန်လွတ်ပါစေလို့ ဆုတောင်းပေးနော်" ဟု ဆိုသည်။

ဒေါ်ဘုက ခေါင်းညိတ်ရင်း ချဉ်ပေါင်းဟင်းကို မွှေနေ၏။

တပေါင်းလေထဲတွင် ခပ်ဝေးဝေးမှ မလေးရှား ပိတောက်နံ့များ ဝေ့လာသည်။ ဒေါ်ဘုကား ချဉ်ပေါင်ဟင်းကို မွှေဆဲ...။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ)

*****

## ပန်းဆိုးတန်း မအေးသန်း

"မအေးသန်း ပြန်လာပြီ"
"မအေးသန်း ပြန်လာပြီ"
အချိန်က ညနေ(၅)နာရီကျော်ကျော် ဖြစ်သည်။

သည်အချိန်ရောက်လျှင် အကျဉ်းဆောင်ခေါ် အဆောင်(၇)၊ (၈)၊ (၆)ထဲသို့ 'ကျသစ်' များ ရောက်နေကျဖြစ်၏။ 'ကျသစ်' ဆိုသည်မှာ ယနေ့မှ ရုံးမိန့်ဖြင့် ထောင်ကျလာသူ လူသစ်များကို ဆိုခြင်းဖြစ်သည်။ သည်လို ကျသစ်တွေထဲမှာ လူဟောင်းတွေလည်း ပြန်ပါလာတတ်၏။ သူတို့ကတော့ အထဲနှင့် အပြင်ကို အိမ်ဦးနှင့် ကြမ်းပြင်လို လူးလားခေါက်တုံ့ ကူးသန်းနေသူများတည်း။ ထိုသို့ ကူးသန်းနေသူများမှာ ၃၀(ဃ)ခေါ် မှောင်ရိပ်ခိုမှုများသာ ဖြစ်ပြီး အများဆုံး ကူးသန်းသူကား မအေးသန်းပါ။

မအေးသန်းဆိုလျှင် (၆)၊ (၇)၊ (၈)၊ တိုးချဲ့ဆောင်များတွင် မသိသူမရှိ။ မအေးသန်းကား ကူးသန်းချိန် ရှည်လှပြီပဲ။ ဆယ်နှစ်ကျသော တန်းစီး မသိန်းခင်ပင် မအေးသန်းနောက်မှရောက်သူ ဖြစ်သည်။ သူရောက်တော့ မအေးသန်းက ထောင်မင်းသမီး ဖြစ်နေပြီ။ အသားလတ်လတ်၊ ဘော်ဒီတောင့်တောင့်၊ မျက်လုံးမျက်ဖန်လှလှနှင့် မအေးသန်းသည် ၃၀(ဃ)ဟု ထင်ရက်စရာပင်မရှိ။ ရုပ်သန့်သလို စိတ်ထားလေး ရှင်းသဖြင့် ထောင်ထဲမှာ လူချစ်လူခင် ပေါသည်။

"မအေးသန်း ပြန်လာပြီ" ဆိုသော စကားကိုပင် မအေးသန်းသည် ထောင်ကို အိမ်အမှတ်ပြုနေသူ၊ အပြင်ကို အလည်အပတ်သဘောမျှသာ သွားသူဟု အဓိပ္ပာယ်ကောက်ယူနိုင်ပေသည်။ တကယ်လည်း မအေးသန်းတွင် အပြင်၌ 'အိမ်' မရှိချေ။ သည်လို ဝင်လိုက်ထွက်လိုက်နှင့် အကြိမ်ပေါင်း (၃၀)ကျော်ပြီဆိုတော့ ထောင်ဝန်ထမ်းတွေကလည်း မအေးသန်းကို နားလည်နေကြပြီ။ သူကလည်း ဘယ်တော့မှ ကြာကြာနေရသည်မဟုတ်။ အလွန်ဆုံး(၃)လပါပဲ။ (၃)လနေပြီး ပြန်သွား၍ (၃)ပတ်မကြာခင် မအေးသန်း ပြန်လာပြီဆိုသော အသံကို ကြားရမြဲတည်း။

"နေစမ်းပါဦး။ အဲဒီ မအေးသန်းက ဘာဖြစ်လို့ ဒါလောက် ထောင်မှာ ပျော်နေတာလဲ"

ထောင်ထဲမှာ လေရှူရတာကိုပင် မသန့်ဟု ယူဆထားသော ချဲမချိုက မေးသည်။ သူဆိုလျှင် ချဲမှု(၃)နှစ်ကို (၃)ကမ္ဘာလောက် ထင်နေသူ မဟုတ်လား။ တစ်ညတာ ကုန်ဆုံးဖို့အရေး (၃)ရေးလောက် နိုးနေတတ်သူပဲ။ အိမ်ကပို့သော ကောင်းပေ့ညွန့်ပေ့ဆိုသော စားစရာတွေကလည်း ထောင်နံ့ဖြင့် နံစော်လှသည်ဟု ထင်သည်။ အဲသည် မအေးသန်းကဖြင့် ထမင်းဖိုမှ လာပေးသော ထမင်းအထွေးလိုက်ကို ငါးပိမည်းမည်း ခါးခါးနှင့်တို့ပြီး တောင်ယာမှ ခိုးယူလာသည့် စပါးလင်ကို ကိုက်ကိုက်ပြီး စားနေပုံမှာ ဟိုတယ်တက်စားနေသလား အောက်မေ့ရ၏။

"မချိုသိချင်ရင် မအေးသန်းကို သွားမေးပေ့ါ"

မချိုက ပခုံးတွန့်၏။

သွားမမေးရဲပေါင်နော်။ အဲသည် ၃၀(ယ)တွေ စုနေသော တိုးချဲ့ဆောင်ထဲကို ဝင်ဖို့တောင် စိတ်မသန့်ပါ။ ရောဂါတွေ... ရောဂါတွေ ကူးမှဖြင့်...။

"ဟော... မအေးသန်း ရေချိုးတော့မယ်"

ရေကန်ဘာရာက အော်သည်။ မအေးသန်း ရေချိုးတာ ဘာများဆန်းသလဲ။ ဆန်းပါပြီလား။ အများသူငါ ရေကန်ကြီးမှာ ရေကို ခွက်ရေဖြင့် ချိုးရတာ။ မအေးသန်းက သည်အခွင့်အရေးကို တောင်းဆိုထားသည်။ သူက အများနှင့်ရောပြီး ရေမချိုးပေ။ အကြောင်းကား သူက အဝတ်ချွတ်ပြီးမှ ချိုးတတ်သည်ဟု တင်ပြခဲ့သည်။ အများအမြင်မှာ မလျော်ကန်။ မနီးမဝေးမှာရှိနေသော အမျိုးသားဆောင်တွေမှ လှမ်းကြည့်လျှင် မြင်နိုင်သည်။ ဤတွင် မအေးသန်း အော်ဟစ်၏။ အဝတ်တွေ ချွတ်ပစ်၏။ ဘာရာ ဒေါ်မြမြ ကြိမ်လုံးဖြင့် လက်ညောင်းအောင် ရိုက်ကြည့်၏။ မအေးသန်း ပို၍ အော်ဟစ်သည်။ ဒဏ်ရာအရိုးတွေ မြင်မကောင်း။ အမိန့်ဖီဆန်၍သာ ဒဏ်ခတ်ရပေမင့် သူ့အသားဝင်းဝင်းကို မရိုက်ချင်တော့။ နောက်ဆုံး လူလွတ်ရာမှာ စဥ့်အိုးနှင့် ချိုးပေတော့ဆိုမှ မအေးသန်း အအော်ရပ်လေသည်။ သည်တစ်ခု ကလွဲ၍ မအေးသန်း ဘာအပြစ်မှ မလုပ်ပေ။

ခုတော့ မအေးသန်း ရေချိုးမည်ဆို မမြင်ဖူးသူများက ခပ်လှမ်းလှမ်းမှ ချောင်းကြည့်ကြတာကလွဲပြီး မည်သူမျှ အဆန်း မလုပ်ကြတော့။

"အေးမှာ အဝတ်အပိုမှ မရှိတာ။ ဒီလိုပဲ ချိုးရမှာပေ့ါ ဟုတ်ဘူးလား"

မအေးသန်းက သူ့ကိုယ်သူ "အေးက... အေးက" နှင့် ပြောတတ်၏။ သူ့စကားသံကလည်း ချိုသာသည်။ ယောကျ်ားတွေ ဒါကြောင့် ကျကြတာများလားဟု တစ်ချို့က တွေးတတ်သေး၏။ ဘာပဲဖြစ်ဖြစ် မအေးသန်းကတော့ သူ့ကိုယ်ပိုင်အိမ်မှာနေသလို အေးအေးဆေးဆေးပဲ။

"မအေးသန်း အပြင်မှာ ဘာလို့မပျော်တာလဲ"

တန်းစီး ဒေါ်သိန်းခင်က မေးဖူးသည်။

"ဆွေတစ်ကောင် မျိုးတစ်ကောင်မရှိ၊ လင်မရှိ၊ သားမရှိ ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာတဲ့လဲ"
မအေးသန်းက ဆွေးဆွေးမြွေမြွေ ဆိုလေသည်။

"မဟုတ်သေးပါဘူး။ ကိုယ့်အားကိုယ်ကိုး ရောင်းဝယ်စားပေါ့"
တစ်ယောက်က စောဒက ဝင်သည်။

မအေးသန်း ပါးစပ်ကို မဲ့လိုက်ပြီးမှ...
"အေး ရောင်းဖူးတာပေါ့။ ပြောင်းဖူးပြုတ်ရောင်းတယ်၊ ကန်စွန်းဥပြုတ်ရောင်းတယ်။ နေ့ခင်းတော့ တော်ပါရဲ့။ နေညိုတာနဲ့ သတ္တဝါတွေက ပြောင်းဖူးပြုတ်တွေ ထားခဲ့ပါကွာတဲ့။ ဈေးဖိုး ပေးမှာပေါ့တဲ့..."
"မလိုက်လို့ မဖြစ်ဘူးလား"
"ဖြစ်ပါတယ်၊ ဒါပေမဲ့... ဖောက်သည်ပျက်တာပေါ့"
"ဟင်... ဖောက်သည်တွေ ဟုတ်လား"
"အင်းပေါ့၊ အေး ဖောက်သည်တွေက အများကြီး။ အလှည့်နဲ့ ပေးရတယ်"
"ဟယ်... စိတ်မညစ်ဘူးလား"
"စိတ်ညစ်တယ်တော့ မဟုတ်ဘူး။ ဟိုလေ... အဲ... ခန္ဓာကိုယ်က မခံနိုင်ဘူး။ သိတယ်ဟုတ်။ အထိမခံချင်တော့ဘူး။ အဲဒီအခါ အဖမ်းခံရအောင် တမင် ကိုယ်ယောင်ပြရတော့တာ"
"ဟောတော့... တမင်အဖမ်းခံတာ ဟုတ်လား"
"အေးလေ၊ ဒီရောက်မှပဲ နားရတာကိုး။ (၃)လလောက် အားပြန်မွေး၊ ရက်စေ့တော့ ပြန်ထွက်၊ အလုပ်ပြန်လုပ်ရ။ အေးက ဒီအတိုင်းပဲ လမ်းဘေးမှာ အသက်ပျောက်မှာပါ"

မအေးသန်းမျက်နှာက ညှိုးသွားသည်။

သူ အရွယ်မရောက်ခင်က မိမဲ့ဖမဲ့ဘဝကို သတိရသည်။ အဲသည်တုန်းက သူ့ကို ဟိုကခေါ်ခိုင်း၊ သည်ကခေါ်ခိုင်းနဲ့ပါ။ မပြောကောင်းမဆိုကောင်း အပျိုဖော်တောင် မဝင်ခင်မှာပဲ ရွာထဲက အမူးသမားတစ်စုက သားမယားပြုခဲ့ကြသည်။ ပိုက်ဆံတွေ အများကြီးပေးကြသည်။ ဟန်ကျလေစွ။ အလုပ်လုပ်ရတာလောက် မပင်ပန်းပါဘူးလေဟု ဖြေသည်။ အမှန်ပြောရလျှင် အဲသည်အချိန်မှာ ဘာမှန်းမပြောပြတတ်သော 'သာယာမှု' တစ်ခုကိုလည်း ခံစားရသည်ဟု ထင်သည်။ သည်လိုနှင့်ပဲ...။

"ရောဂါရမှာ မကြောက်ဘူးလား"
သည်လို အမေးခံရတိုင်း မအေးသန်းက ကျယ်ကျယ်လောင်လောင် ရယ်မောပစ်လေ့ရှိပါသည်။

"သေ... အေးတာပဲလေ"
ဟုလည်း အလွယ်တကူ ပြောတတ်သည်။

မအေးသန်း တစ်ခါပြန်လာတိုင်း အဝတ်အစားတွေကတော့ အသစ်အဆန်းတွေ ဖြစ်နေတတ်သည်။ အပြင်မှာ ဘာတွေ ခေတ်စားနေကြောင်း၊ မအေးသန်း ဝင်လာလျှင် သိနိုင်ကြသည်။

ပြီးတော့ မအေးသန်းက ရုပ်ရှင်ကြိုက်၏။

ရုပ်ရှင်ကား တစ်ကားလုံးကို စကားလုံးရော၊ အမူအရာရော အကျအန ပြန်လည် တင်ဆက်တတ်သည်။ မအေးသန်း ရုပ်ရှင်ပြောပြီဆို လူနှစ်ဆယ်လောက် ဝိုင်းနေရော။

မအေးသန်း လွတ်ပြီ...။

နောက်နေ့ 'လွတ်လူ' စာရင်းခေါ်၍ မအေးသန်းနာမည်ပါလျှင် သူက ထူးထူးခြားခြား ပျော်ရွှင်ခြင်းမရှိ။ ဘေးလူတွေကလည်း မကြာမီ မအေးသန်း ပြန်လာမည်မှန်း သေချာသဖြင့် မအေးသန်း ရုပ်ရှင်များများ ကြည့်ခဲ့နော်ဟု တပျော်တပါး မှာတတ်ကြသေးသည်။

ငါဖြင့် မအေးသန်းကို နားမလည်ဘူးဟု ချဲမချိုက ပြော၏။ ဒီလောကမှာ နားမလည်နိုင်စရာ အများကြီးပဲလေဟု တန်းစီး မသိန်းခင်က ဆေးလိပ်မီးညှိရင်း ဆိုသည်။

(၈)ဆောင်ပေါ်မှာ မြေဖူပန်းလေးတွေ မွှေးနေပြီ။

(၇)ဆောင်က မှောင်နေ၏။

(၆)ဆောင်ခေါ် တိုးချဲ့ထဲမှာကား မအေးသန်းနားမှ လူဝိုင်းလျက်။ မအေးသန်းပြောသော ရုပ်ရှင်ကားကို ခံစားနေကြလေသည်။ လောကသည် သူ့အလိုလို သွားနေဆဲ။
(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ)

*****

# အမိုက်ပုံ ဂွမ်းယုံ

သာတီးဒီ(30-D)အဆောင်တွင် ဂွမ်းယုံဆိုတာ ယှဉ်ရဲသူမရှိ။ ပန်းဆိုးတန်းအေးသန်းက လွဲလျှင်ပေါ့။ အေးသန်းကိုတော့ ဘယ်သူမှ မတုနိုင်။ သူက လူရှေ့သူရှေ့ ကိုယ်လုံးတီးနှင့် ရေချိုးရဲသူ ဖြစ်၏။ ဂွမ်းယုံကတော့ သူ့လို မရမ်းတတ်ပေ။ ခပ်ငြိမ်ငြိမ်၊ ခပ်အေးအေးနှင့် လောကကို သုံးသပ်နေတတ်သူဖြစ်သည်။ မတရားတော့ လာမလုပ်နှင့်။ ဂွမ်းယုံ လက်ဝါးက ပါးမရွေး။

မနေ့ကပဲကြည့်... ။

(၅-ည) အန်တီနှင်းက ဂွမ်းယုံတို့အဆောင်မှာ နို့မှုန့်လာတိုက်သည်။ လူတိုင်းကို တိုက်ခြင်းမဟုတ်။ တိုက်ဖို့ကြိုက်ဖျားနေသော မသိန်းအေးကို အစာအဖတ်မစားရဟု ဆရာဝန် ညွှန်ကြားချက်အရ နို့မှုန့်အလျှံပယ်ရှိသော အန်တီနှင်းက လာပို့ခြင်း ဖြစ်သည်။ အန်တီနှင်း နို့မှုန့်ပေါရခြင်းက အိမ်က

ချမ်းသာ၍ မဟုတ်ပေ။ အန်တီနှင်းက နှစ်ချောင်းထိုး ကျွမ်းသည်။ ဆွယ်တာလုလုတွေ ထိုးတတ်သည်။ ကျားဝတ်လက်ပြတ်တစ်ထည်ကို တစ်ပတ်ပဲ ကြာ၏။ အလကား ထိုးမပေးချေ။ ဆွယ်တာတစ်ထည်ကို လက်ခ နို့မှုန့်တစ်ထုပ်တဲ့။ နို့မှုန့်ကလည်း သူတစ်ယောက်တည်း သောက်၍မကုန်။ သည်တော့ လိုအပ်သူများကို လှူသည်။ မနေ့က မသိန်းအေးကို နို့မှုန့်တစ်ထုပ်(ပေါင်းထုပ်ကြီး)လာလှူ၏။ မသိန်းအေးက အိပ်ရာထဲမှာ ပျော့ခွေနေသည်။ အနားက ပြုံးကျယ်မက သူဖျော်တိုက်မယ်ဆိုပြီး လက်ခံထားလိုက်သည်။ အန်တီနှင်း ပြန်သွားပြီး ဘာကြာလို့လဲ။ ပြုံးကျယ်မသည် နို့မှုန့်ထုပ်ကို ပါးစပ်နှင့် ကိုက်ဖောက်ပြီး ထမင်းကြမ်းနှင့် နယ်စားတော့၏။

ဒါကို ဂွမ်းယုံကြည့်နေသည်။

လူမမာက မျက်လုံး မဖွင့်။

ဂွမ်းယုံသည် ကျားသစ်မတစ်ကောင်လို ပြုံးကျယ်မကို ခုန်အုပ်သည်။ လက်ထဲက ထမင်းဇလုံကိုလုသည်၊ ထမင်းလုံးများ ပြန့်ကျဲကုန်၏။ ပြုံးကျယ်မ အော်သံ၊ ဂွမ်းယုံ၏ ဆဲသံညံသွားသည်။ အိပ်နေသော လူမမာက လက်လေးကာပြီး တောင်းပန်သည်။

"ဒီမှာ အမိုက်ပုံ ဂွမ်းယုံတဲ့၊ တစ်ယုံတည်းရှိတယ်။ အလုံအမိုက်ပုံမှာ ငါ အလုပ်လုပ်ရမှာပျင်းလို့ ဒီမှာလာအနားယူနေတာ။ မတရားတာမြင်လို့က မသက်သာဘူးမှတ်"
"အေးပါကွယ်... ဂွမ်းယုံရယ် နေပါစေ"
လူမမာက လေသံပျော့လေးနှင့် ဆိုနေသည်။

"ဘာလို့ နေရမှာလဲ။ အခေါ်မသိန်းအေးမှာ ထောင်ဝင်စာမရှိဘူး။ အခု တိုက်ဖို့ကျက်ဖြစ်နေတယ်။ ထမင်းစားလို့က အသုဘပဲ။ ဒါကို အကြင်နာတရားရှိတဲ့လူက လာလှူတယ်။ ခများ အားမပြတ်ပစေနဲ့လို့။ အဲဒါကို ပြုံးကျယ်မ ညည်းမို့လို့ ခိုးစားရက်တယ်"
"ငါ... ငါ ခိုးတာမဟုတ်ဘူး။ နည်းနည်းမြည်းကြည့်တာ"
"ဘာနည်းနည်းလဲ။ ချေးတုံးတစ်တောင်လောက်ပါတဲ့ ကောင်မကများ"
ဂွမ်းယုံက ဒေါသနှင့် ပြောသည်ကို အနားကလူတွေက ရယ်ကြသည်။

မိန်းမဆောင်မှာ မိလ္လာအများသွားရန်နေရာက ရေမြောင်းကြီးဖြစ်၏။ ခါးလောက် အုတ်နံရံ အကန့်လေးတွေ ကာထားပေးသည်။ တံခါးမရှိ။ သည်လိုပဲ ဟာလာဟင်းလင်းပေါ့။ ကြာတော့လည်း ဤကိစ္စသည် ရှက်စရာမဟုတ်တော့။ ဆေးလိပ်ဖွာရင်း၊ စကားပြောရင်း၊ အတင်းချရင်း ဟိုဘက်ခန်း ဒီဘက်ခန်း အခင်းကြီး၊ အခင်းငယ် စွန့်ကြ၏။ ရေတော့ ပေါပါသည်။ ရေချိုးလှောင်ကန်ကြီးမှာ ကိုယ့်ခွက်နှင့်ကိုယ်ခပ်ယူပြီး ရေသုံးနိုင်သည်။ ရေဘယ်လောက်ပင်သုံးသုံး မစင်ပုံကြီးက ရွေ့လျားသွားခြင်းမရှိ။ တင်းပြီးခံနေသည်။ မိလ္လာသမား လာမယူမချင်းသည်အတိုင်း။ ယင်တလောင်းလောင်း။ ဆိုတော့ကာ အိမ်သာထိုင်သူများသည် ကိုယ်မထိုင်ခင်မှာပင် ကိုယ့်အောက်က အပုံကြီးကို မကြည့်ချင် မနေရ။ တချို့လည်း ဝမ်းပျက်ထားသဖြင့် ပဲဟင်းရေကျဲလို။ တချို့က ငရုတ်သီးဖတ်တွေနှင့်မို့ အနီပြောက်ကလေးများ ပတ်လည်ရံလို့။

သည်ထဲမှာ အစားကြီး၊ ဝမ်းခေါင်းကျယ်၊ အူကျယ်သူများ၏ ပစ္စည်းတွေက ဂွမ်းယုံပြောသလိုပါပဲ။ တစ်တောင်လောက်ကြီး၊ ဝဝတုတ်တုတ်ကြီးများပေါ့။

ဂွမ်းယုံမောသွားသလို လူမမာနား ဖင်ထိုင်ချ၏။

"ကျွန်မ ဖျော်ပေးမယ်နော်" ဟု လူမမာအား တယုတယပြောသည်။ မသိန်းအေးက ချဲမှုနှင့် (၃)နှစ်ကျနေသူ ဖြစ်၏။ အိမ်က စီးပွားပျက်ပြီး ထောင်ဝင်စာမပို့နိုင်။ ငွေမရှင်သဖြင့် အဆောင်မှာလည်း မျက်နှာငယ်ရသည်။ သာတီးဒီများနှင့် ရောပြီးနေရသည်။ ဘယ်တတ်နိုင်ပါ့မတုန်း။ တစ်ခုတော့ရှိ၏။ သာတီးဒီဆောင်(တိုးချဲ့ဆောင်)သည် သမံတလင်းပေါ်မှာ အိပ်နေရသဖြင့် ရောဂါရလွယ်သည်။ အခင်းကောင်းကောင်းမရှိလျှင် အအေးပတ်တာ တစ်ခုတည်းနှင့် အကြောတက်ရောဂါ ရစမြဲ။ ဒါ့ကြောင့်လည်း ထောင်ထဲမှာ ဦးစိုင်းလိမ်းဆေးတွေ စွံလှခြင်းဖြစ်၏။

ဂွမ်းယုံက ရေနွေးလက်ကျန်ရှိနေသော ပလတ်စတစ်ချိုင့်ကလေးထဲမှ ရေနွေး(အအေး)များကို ငှဲ့ယူ၏။ သောက်ရေခွက်ထဲထည့်သည်။ နို့မှုန့်ထုပ်ထဲမှ နို့မှုန့်ခပ်များများထည့်ပြီး ကော်ဇွန်းနှင့် မွှေလေသည်။

"သကြားရှိလား"
"ဘယ်ကလာ..."
"ငါ့မှာရှိတယ်"
အနားက ဘယ်သူမှန်းမသိ။ သကြားဘူးကလေး ပေးသဖြင့် တစ်ဇွန်းခပ်ယူပြီး နို့မှုန့်နှင့် ရောမွှေရ၏။

"သားလေးကို သတိရလိုက်တာ"
"နင့်မှာ သားရှိတယ်၊ ဟုတ်လား"
"ဆုံးသွားတာ ကြာပြီ"
"ဟုတ်လား၊ အေးလေ... အေးတာပါပဲ"
"အင်းပေါ့၊ အိမ်မရှိ၊ ယာမရှိဘဝ ကလေးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး မွေးမှာလဲ"
ဂွမ်းယုံအသံက တိမ်ဝင်သွားလေသည်။

စောစောက ဒေါသသံတွေ မဟုတ်တော့။

သားလေးကို သူကြိုးစားပြီး မွေးခဲ့တာတော့ အမှန်ပါ။ သားလား၊ သမီးလား မသိပါဘဲလျက် သူကိုယ်ဝန်ကို ကောင်းကောင်း စောင့်ရှောက်ခဲ့တာပေါ့။ သူ့မှာ အားထားရာ၊ မှီခိုရာ လင်လည်းမရှိ။ သည်ကိုယ်ဝန်ကမွေးလာမည့် ကလေး၏ ဖခင်ကလည်း ဘယ်သူမှန်းမသိ။

အလုံအမိုက်ပုံဆိုတာ ဟိုးတုန်းက အဝေးပြေးကုန်ကားကြီးတွေရဲ့ ညအိပ်စခန်းပေါ့။ ကားသမား၊ အမူးသမား၊ တစ်ညတာညအိပ်စခန်း။ ညနက်ပိုင်းထိ စားသောက်မူးရူး။ တစ်ဆက်တည်းမှာ ငွေပေးလျှင် အလွယ်တကူရနိုင်သော ဖျော်ဖြေရေးမိန်းကလေးတွေနှင့်မို့ သည်နေရာသည်

နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ဖူးသည်။ ဂွမ်းယုံတို့လို ကွမ်းယာသည်၊ အကြော်သည်၊ ပြောင်းဖူးပြုတ်သည်၊ ဖရဲသီးသည်ဆိုတာတွေက နေ့လယ်မှာဈေးရောင်း ညကျတော့ ကာမရောင်းသမားတွေ အများစု ဖြစ်ခဲ့သည်။ ဒါက ဘဝပေး အခြေအနေပါ။ တစ်နေကုန်ရောင်းလို့ ၅၀၀ မမြတ်သော ခေါင်းရွက်သည်လေးတွေသည် တစ်ညတာရဲ့ တစ်ခဏတာကို ကားသမား အမူးသမားနဲ့အတူ ပေးအိပ်လိုက်သည်နှင့် တစ်ထောင်မျိုး၊ ထောင့်ငါးရာမျိုး ပိုးစိုးပက်စက်ရတာမို့ ဒါကိုပင် ကံကောင်းသည်ဟု ပြောရမည်။

ဘဝသည် ဘာမျှ မပြောင်းလဲ။

နေ့ဘက်မှာ အိပ်ချင်မူးတူးနှင့် ဈေးဗန်းရွက်။ အရင်းမရလည်း စိတ်မပူပါ။ ညနေစောင်းတော့ အများသုံး ရေဘုံဘိုင်မှာ ရေချိုး၊ သနပ်ခါးပန်းမန် လိမ်းခြယ်လို့။ ညမှောင်တရီဆိုလျှင် အဝေးပြေးကားတွေ ထိုးဆိုက်လာမည့်အနား ရစ်သီရစ်သီ လုပ်ရုံပါပဲ။

အဲသည်တုန်းက ဂွမ်းယုံ ပျော်သည်။ အဖော်တွေလည်း စုံသည်။ အေးမတို့၊ မိသဲတို့၊ ချိုတူးမတို့နှင့် စကားဖောင်ရသည်။ အတွေ့အကြုံ ဖလှယ်ရသည်။ ဈေးညှိရသည်။ ကြည့်မြင်တိုင် ညဈေးတန်းမှာ ဘာအဝတ်အဆန်းအပြားပေါ်လဲ နားစွင့်နိုင်သည်။ ပြေးဝတ်နိုင်ကြသည်။ တော်ပြီပေ့ါ။

ကိုယ်ဝန်ရှိလာမှန်း အတော်နောက်ကျမှ သိခဲ့၏။

ဒါက ကိုယ်သတိမထားတာပါပဲ။ ဒါကို သိပ်သတိမရခဲ့ဘူးပဲ ပြောကြပါစို့။ ဗိုက်ကလေးပူလာတာ ဘေးကလူတွေ သတိထားမိပြီး ပြောတော့မှ ရက်တွေလတွေကို တွက်မိတာ ဂွမ်းယုံ အ… တာပါပဲ။

ဒီလောက်ရင့်လာမှတော့ ကလေးက အသက်ဝင်နေပြီ။ ဖျက်ချရင် သေနိုင်တယ်ဟု ဘေးက ဝေဖန်အကြံပြုကြသည်။ ဖျက်မချဖြစ်ခဲ့။ ကိုယ်ဝန်ရင့်လာတော့ ဖောက်သည်တွေက ရှောင်ကြတာ သဘာဝကျပါရဲ့။ အေးမတို့တစ်တွေ၏ ကောင်းမှုကြောင့်သာ ထမင်းမငတ်ခဲ့ချေ။ မွေးချိန်တန်တော့ ဒပ်ဖရင်မှာ အသာလေး တက်မွေးခဲ့၏။ (၃)ရက်အရမှာ သားလေးကို ပိုက်ပြီး ဆေးရုံမှ ဆင်းခဲ့သည်။ သားလေးက အသားနီနီရဲရဲ၊ ဆံပင်ကောက်ကောက်လေးတွေနဲ့ရယ်။ တကယ့် ကော်ပတ်ရုပ်လေးနှင့် တူသည်။ အေးမတို့ ဝိုင်းချစ်ကြသည်။ နို့မထွက်တော့ နို့မှုန့် ဖျော်တိုက်ကြသည်။

"သားလေးက အပူမိပြီးဆုံးရှာတာ။ အဲဒီတော့ (၅)လသားထင်တယ်။ ပြုံးတတ်ရယ်တတ်ပြီး။ သိပ်ချစ်စရာကောင်းတာ"

ဂွမ်းယုံက လွမ်းလွမ်းဆွေးဆွေး ပြောနေသည်။

လူမမာက နို့ခွက်ကိုမသောက်ဘဲ ငေးနေသည်။

အပြင်ဘက်မှ နွေလေရူးက ဟူးခနဲတိုက်လာ၏။ တောင်ယာတောမှ စပါးလင်အနံ့များ ပါလာလေသည်။ စပါးလင်နံ့ ရတော့လည်း ကြည့်မြင်တိုင်ညဈေးမှ စပါးလင်နံ့ကဲသော ငရုတ်ကောင်းမှုန့်ဟင်းခါးကို လွမ်းသည်။

"ဒီတစ်ခါ လွတ်ရင် ညဈေးမုန့်ဟင်းခါး အဝသွား စားဦးမယ်"

ဂွမ်းယုံက လက်ဖျစ်တီးပြီးဆို၏။

"နင်တို့က ကြာကြာမှ မနေရဘဲကိုး"

လူမမာ မသိန်းအေးက အားကျသလို ပြောလေသည်။ ဟုတ်သည်။ သာတီးဒီ(မှောင်ရိပ်ခိုမှု)က (၃)လလောက်ပဲ ကျတာကိုး။ ဂွမ်းယုံတို့လို ဝင်လိုက်ထွက်လိုက် လုပ်နေသူတွေ အများကြီး။ ထောင်ဆိုတာ အနားယူစရာဆိုပဲ။

မိသားစုတစ်စုအဖြစ် ထူထောင်ပြီး မှီခိုနေဖို့ ဂွမ်းယုံ မစဉ်းစားဖူးချေ။ ခဏတာ လာအိပ်သူတွေမှာ သည်လိုစိတ်ကူးမျိုး တစ်ယောက်မျှ မကြုံဖူးသေး။ ပြည့်တန်ဆာဘဝမှာ မကြည့်ရက်လို့ ကယ်တင်မယ်ဆိုတာ ဝတ္ထုတွေထဲမှာတောင် ရှေးကပဲ ရှိတာဆိုပဲ။

နောက်ပိုင်း အလုံအမိုက်ပုံကြီး အဖျက်ခံခဲ့ရသည်။
သီရိမင်္ဂလာညဈေးကို မှီခိုသော အဝေးပြေးကုန်ကားတွေလည်း ဘယ်ဆီဘယ်ဝယ် သွားနားကြလဲမသိ။ ဂွမ်းယုံတို့အုပ်စုလည်း မုန်တိုင်းထဲမှာ ကွဲကွာကြသော ငှက်တွေလို တကွဲတပြား။

တချို့လည်း ရုပ်ရှင်ရုံတစ်ဝိုက်တဲ့။
ဒါက ညပွဲ၊ နေ့ပွဲ ပွဲစဉ်များတယ်ဆိုပဲ။

တချို့ကတော့ ကီလီဆိပ်ကမ်းတဲ့။
ဒါကလည်း သိပ်သေချာသည်မဟုတ်။

မြို့တော်သန့်ရှင်းရေး ကောင်းမွန်လာသည်နှင့်အတူ ဂွမ်းယုံတို့ စားကျက်တွေ ပျောက်သည်ထက် ပျောက်သွားသည်။ တချို့တလေတော့ အမျိုးသမီးစောင့်ရှောက်ရေးကို ရောက်သွားသည်ဟု ကြားရသည်။ အားလုံးရောက်သွားလျှင် ဘယ်လိုနေမလဲ။ ဒါတွေ ဂွမ်းယုံ မစဉ်းစားပါ။ ဘဝဆိုတာ အစကတည်းက ခြေသလုံးအိမ်တိုင်ပဲ။ ဘယ်မှာနေနေ တစ်နေ့ကို ထမင်း(၂)နပ်စားတာပဲ။ အဝတ်အစားဆိုတာ အပိုတစ်စုံရှိရင် ရပြီ။

ရောဂါရပြီး ကူးစက်ဆေးရုံရောက်သွားသူတွေအဖို့တော့ ဝဋ်ကျွတ်သွားပြီဟု မှတ်ရတော့မည်။ သိပ်မကြာခင်မှာပင် လောကကြီးထဲမှ ထွက်သွားခွင့် ရကြပေသည်။ ခွင့်ပြုချက်မရခင် ဂွမ်းယုံတို့အဖို့ကား ကျီးလန့်စာစားဘဝ။

နိတစ်အုပ် ညည်းသံပေါ်လာ၏။

မိန်းမဆောင်၏ နေ့လယ်ခင်းသည် ငြိမ်သက်နေသည်။ ခိုညည်းသံတွေ ပိုပြီး စိုးမိုးနေသည်။ သည်လိုနှင့်... တစ်ရက် မိုးချုပ်ဦးတော့မည်။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ မေလ)

*****

## အငြိမ့်သမ ခင်လှလှ

"ထမင်းဖိုလာပြီ... ထမင်းဖို"

အောက်ထပ်က တစ်ယောက်တစ်ပေါက် ဝိုင်းအော်သံကြောင့် ခင်လှလှ အိပ်ရာက နိုးသွားသည်။ ထမင်းဖိုလာပြီတဲ့။ မထချင်ပေမင့် ထရမည်။ အဆောင်(၈) အပေါက်ဝအထိ ထမ်းလာခဲ့ကြသော အကျဉ်းသားယောကျ်ားကြီးများက မိန်းမအဆောင်ထဲ ဝင်ခွင့်မရှိ။ အပေါက်ဝမှာပဲ အထမ်းချပြီး စောင့်နေကြသည်။ မိန်းမအဆောင်အတွင်းမှ 'ထမင်းဖိုတာဝန်ခံ'များက သွားထမ်းယူကြရန် ဖြစ်၏။

"ဟဲ့ကောင်မ... ခင်လှလှ၊ ဘာငိုင်နေတာလဲ။ လာမြန်မြန်၊ နင့်အဆက်တွေက တွေ့ချင်လှပြီတဲ့"

ထမင်းတောင်းထမ်းဖော်ထမ်းဖက် ခင်စိန်က စပ်ဖြီးဖြီးနှင့် လာခေါ်သည်။ သူက စပ်ဖြီးနိုင်သည်ပေ့ါ။ အပေါက်ဝမှာ ထမင်းဖိုယောကျ်ား အရှည်ကြီးနှင့် ခဏတာ ကျီစယ်ခွင့်ရမှာကိုး။ မိန်းမဆောင်ဆိုတာက နံရံထူထူ လေးဖက်လေးတန်ကြားမှာ ဘယ်ယောကျ်ားမျှ မြင်ရတာမှ မဟုတ်တာ။ သည်တော့ ရက်ရှည်လများ ယောကျ်ားတစ်ယောက်ကို မြင်လိုက်ရခြင်းသည် အခွင့်အရေးတစ်ခုတည်း။ ထိုမှတစ်ဖန် ယောကျ်ားတစ်ယောက်က ကိုယ့်ကို နှစ်လိုချစ်ခင်ဟန် ဂရုစိုက်ခံရသည်ဆိုတော့ အတိုင်းထက်အလွန်ပေ့ါ။ ခင်စိန်သည် ထမင်းဖိုထမ်းလာသော အားကောင်းမောင်းသန် အရှည်ကြီး(ခေါ်) ခင်မောင်ဦးကို ပတ်ချွဲနှပ်ချွဲ လုပ်ခဲ့၏။ တစ်မိနစ်ပင် မကြာသော ထမင်းဖိုလွှဲပြောင်းရေးကာလကို အမိအရ ယူခဲ့၏။ ယောကျ်ားဆိုတာကလည်း မိန်းမအနံ့ မရှူရတာ ကြာတော့ နူနူဝဲဝဲ ဆိုသလို မိန်းမဖြစ်ပြီးရော၊ ခင်စိန်၏ တစ်ဝက်လောက်ပေါ်အောင် ဝတ်ထားသော ဘလောက်စ်အင်္ကျီအဟကို အရအမိ လိုက်ကြည့်တတ်သူပဲ။

"ဟင့်... လူကြီးကိုက"

ဟု ချွဲသံခရာသံလေးနှင့် မ... သံပေးလိုက်သောအခါ အရာရာပြီးသွားလေပြီ။ အရှည်ကြီးနှင့် ခင်စိန် သမီးရည်းစားဖြစ်သွားပြီ။ ဘာစာမှ ပေးစရာမလို၊ ဘာစကားမှ ပြောစရာမလို။ မျက်လုံး... မျက်လုံးချင်းပဲလေ။ ကြာလာတော့ လွတ်ရက်ဘယ်တော့လဲဟု အရှည်ကြီးက စပြီး ကပ်မေးသည်။ ဝါဒါအစောင့်က ဟိုဘက်လှည့်ဆဲ အခွင့်အရေးရသခိုက် မေးခြင်း။ "နောက် (၅)နှစ်" ဟု အေးအေးဆေးဆေး ဖြေလိုက်သော ခင်စိန့်မျက်နှာကြောင့် အရှည်ကြီး ငိုင်သွား၏။ "ငါက ဆယ်နှစ်လိုသေးတယ်" ဟု တိုးတိုးပြောသွားသည်။ ဘာဖြစ်လဲကွယ်။ (၅)နှစ်တော့ ခုလို ခဏတစ်ဖြုတ် တွေ့နိုင်ကြတာပေ့ါ။ သူများတွေ လုံးဝမတွေ့ကြရတာနှင့်စာလျှင် ကိုယ်တို့ဘဝ ပျော်စရာကြီး။

သနပ်ခါးထူပိန်းပိန်း လိမ်းလာသော ခင်စိန်ကို ခင်လှလှက မျက်စောင်းခဲလိုက်ရင်း ...မကဲကိုကဲတယ်။ လက်ကိုင်ခွင့်များရရင် ဘယ်လိုနေမယ် မသိဟု ဆိုသည်။

"ကဲပါ မိခင်လှရဲ့။ လုပ်ပါ။ ငါတစ်ယောက်တည်း အရင်ရောက်ရင် မကောင်းလို့။ ညည်းလင်လေးကလည်း မျှော်ရောပေါ့"

ခင်စိန်ပြောသော ညည်းလင်လေးဆိုသည်မှာ အရှည်ကြီးနှင့် ထမ်းဖော်ထမ်းဖက် ကောင်လေးဖြစ်၏။ ကောင်လေးဆိုပေသည့် လူကောင်ထွားသည်၊ မျက်နှာချိုသည်။ ဆံပင်ပုံစံက ဗီဒီယိုမင်းသားတစ်ယောက်နှင့် တူပြီး မင်းသားပုံပေါက်သူဖြစ်၏။ ကောင်လေးက ခင်လှလှကို ရက်သလိုမျက်နှာနှင့် ကြည့်တတ်၏။ ခင်လှလှကား စဉ်းငယ်မျှ ဂရုမစိုက်။ ခင်လှလှက အချစ်စစ်ပွဲများစွာမှာ အရှုံးပွဲတွေ ကြုံဖူးပေါင်းများခဲ့ပြီမို့ မောနေပြီ။ နောက်တစ်ဖန် ရင်မခုန်ချင်တော့။ သည်တော့လည်း ထမင်းဖိုလွှဲပြောင်းရေးကာလကို ခင်စိန်လို တမ်းတမ်းတတမရှိ။

ညက အိပ်မပျော်သဖြင့် လူက နုံးနေသည်။ မထချင် ထချင်ဖြင့် ထရသည်။ ထမင်းဖိုတာဝန်က လူတိုင်းမက်မောသော ရာထူးဖြစ်သည်။ ထမင်းဖိုထမ်းသယ်ဖို့ လူရွေးလျှင် နံပါတ်(၁) ကျန်းမာတောင့်တင်းသူ ဖြစ်ရမည်။ ကြံ့ခိုင်ဖို့လိုသည်။ ခင်စိန်က မည်းမည်းကြမ်းကြမ်း။ ခင်လှလှက တောင့်တင်းဖြောင့်စင်းသူ။ ဘက်ညီသည်။ ထမင်းဖိုထမ်းရာထူးရလျှင် ထမင်းကြိုက်သလောက် ယူနိုင်သည်။ သူများအတွက်လည်း ယူပေးနိုင်သည်။ သူများအတွက် ယူပေးသည်ဆိုတာ ငွေရပေါက်ပေါ့။ အခွင့်အရေးကြီးပဲလေ။

ဒါကြောင့်လည်း ခင်လှလှက ထမင်းဖိုရာထူးကို မက်မောရသည်။ ကိုယ့်မှာက ထောင်ဝင်စာမရှိဘဲ။ သည်ထမင်း ဖိုထမ်းသည့်အကျိုးကိုသာ မှီခိုနေရတာကိုး။ ငွေကြေးချမ်းသာသော အကျဉ်းသူများသည် ထမင်းကို အများတကာနှယ် တန်းမစီနိုင်ကြချေ။ ထမင်းဖိုသမားများ၏ ဝါးခြမ်းဖြင့် ဇော့ရမ်းအော်ဟစ်သံကြားမှ ထမင်းတစ်ပန်းကန်ကို အောက်ကျခံပြီး မယူလိုကြ။ သည်တော့ ထမင်းဖိုသမားထံမှာပဲ တစ်လလျှင် ဆေးလိပ်(၁၀၀)၊ (၂၀၀) စသဖြင့်ပေးပြီး အဆောင်ပေါ်အရောက် ယူကြ၏။ ဖောက်သည် (၅)ယောက်ပဲ ရှိဦး၊ တစ်လ ဆေးလိပ် (၅၀၀)ဆိုတာ ဟင်းဝယ်စား၍ရသည်။ ထဘီဝယ်၍ ရသည်။

ထဘီဆို၍ ခင်လှလှအထဲဝင်လာတော့ ထဘီအပိုတစ်ထည်မျှ မပါချေ။ တကယ်ဆို 'အငြိမ့်သမ'ဘဝမှာ ခင်လှလှ ထဘီတွေ အများကြီး ရှိခဲ့၏။ ပေါ်သည်နှင့် ခါးပေါ်တင်ခဲ့သော ခင်လှလှပါ။ ကြည့်မြင့်တိုင် အငြိမ့်လောကမှာ ခင်လှလှတို့ 'သဇင်နွယ်' အငြိမ့်သည် အလယ်အလတ်တန်းစားမှာ ပါသည်။ တစ်နှစ်မှာ ပွဲငါးဆယ်လောက်ရသည်။ မြို့ပွဲမဟုတ်သော်လည်း တောဘုရားပွဲလေးတွေက ဆက်နေသည်မို့ ညကြေးတွေက သုံး၍လောက်သည်။ ခင်လှလှကို ထောက်ပံ့စရာ မိဘဆွေမျိုး မရှိသူအဖို့ သူများကိုပင် ပေးကမ်းထောက်ပံ့နိုင်ခဲ့သည်။

သည်လို သုံးနိုင်ဖြုန်းနိုင်သူမို့ ပြိုင်ဖက်မင်းသမီးများ၏ မနာလိုမှုကို ရင်ဆိုင်ရသည်။ အထူးသဖြင့် အငြိမ့်အဖွဲ့၏ မန်နေဂျာလည်းဟုတ်၊ လူရွှင်တော်လည်းဟုတ်သော ကိုသောကြာက မျက်နှာသာပေးသည်ကို မနာလိုဖြစ်ကြသည်။ ကိုသောကြာက ခင်လှလှကိုကြိုက်သည်။ ယူတော့ မယူနိုင်။ မန်နေဂျာကတော်က ပွဲတိုင်းမှာ အုပ်ချုပ်ရေးမှူးအဖြစ် လိုက်ပါသည်။ ဤတွင် တိတ်တဆိတ်ပိုးပန်းသော ကိုသောကြာ၏ ပျော့ကွက်များကို ပြိုင်ဖက်တွေက မန်နေဂျာကတော်ထံ သံတော်ဦးတင်ကြလေသည်။

'မယားထိ၊ ဓားကြည့်' စကားရှိ၏။ ယောက်ျားထိတော့လည်း ဓားပါပဲ။ ကိုသောကြာက ရွှေလက်စွပ်တစ်ကွင်း ဝယ်ကြောင်း၊ ခင်လှလှကိုပေးကြောင်း၊ သတင်းအတိအကျရတော့ မန်နေဂျာကတော် ဓားကိုင်သည်။ မရမ်းသီးသုပ်စားဖို့ မရမ်းသီးလှီးနေစဉ် ကိုင်ထားသော အသွား(၆)လက်မ ဓားမြှောင်ပါ။ ခင်လှလှထံမှ လက်စွပ်ပြန်တောင်းသည်။ အတွင်းအပြင်တိုင်းထွာသည်။ သူ့လင်ကို မဖြစ်လျှင် ဇာတ်ထဲက ထုတ်ပစ်မည်ဟု ကြိမ်းမောင်းသည်။ သူ့လင်အပြစ်ကိုမူ မပြော။

ခင်လှလှက ပထမ သည်းခံပါသေးသည်။ မန်နေဂျာကတော်ဆိုတာ အငြိမ့်ထဲမှာ ဘုရင်မပဲ။ အဖွဲ့မှ ထုတ်ပစ်ခံရလျှင် ဘယ်မှာခိုနားရမလဲ။ ခေတ်က ပြောင်းလာပြီ။ အငြိမ့်တွေ ပွဲသိပ်မရကြတော့။ ဆိုင်းထဲပြောင်းသူ ပြောင်းကုန်ကြပြီ။ သည်တော့ လောလောဆယ် ကိုယ့်စန်းရှိဆဲ အလုပ်ကို ဖက်တွယ်ထားမှ ဖြစ်မည်။

သည်လို စဉ်းစားပြီး လက်စွပ်ကို ပြန်ပေးမည်အပြု ကိုသောကြာ ရောက်လာသည်။ မယားကြီးကို ရှင်းပြသည်။ ရန်ပွဲစဲစေသည်။ ခက်ပုံက အရှက်ကိစ္စ။ ခင်လှလှ ရှက်သည်။ အဖွဲ့က ထွက်သွားဖို့ကလည်း ခက်သည်။ သည့်ပွဲမှာ ကိုသောကြာက ခင်လှလှနှင့် မဟုတ်ကြောင်း ပြောင်ရှင်းသည်။ ဤတွင် သူ့ကတော်က ခင်လှလှကပဲ မြူဆွယ်ဖြားယောင်းနေသည်ဟု စွပ်စွဲတော့သည်။ ဒါတော့ ခင်လှလှ မခံနိုင်။ ခင်လှလှသည် အဖွဲ့ထဲမှာ ဘယ်သူ့ကိုမှ မြူစရာမလို။ ဆိုင်းထဲက ဝါးတီးပေါက်ကျော်လို ခုဆိုခု ကောက်ယူလို့ရတာတွေ အပုံ။

အကျယ်အကျယ်နှင့် ကိုသောကြာကတော် လက်ထဲမှဓားမြှောင်သည် ခင်လှလှ မျက်နှာနား ဝဲလာသည်။ ကိုယ်ခံပညာသင်ထားသော ခင်လှလှက ဓားမြှောင်ကို လက်လိမ်ချိုးပြီး လုယူလိုက်သည်။ ကိုသောကြာက ခင်လှလှကို လှမ်းထိန်းသည်။ ဓားမြှောင်သည် ကိုသောကြာနံဘေးကို ရှပ်ထိုးမိလျက်သား ဖြစ်သွားခဲ့၏။ သွေးရူးသွေးတန်းနှင့် အော်ဟစ်ကြပြီး နာရီဝက်အတွင်းတွင်ကား ခင်လှလှသည် ကြည့်မြင့်တိုင်အချုပ်ခန်းထဲ ရောက်သွားခဲ့လေသည်။

"အမှုဆိုတာ ဖြစ်ချင်ရင် ကြုံဖန်ဖြစ်တာပဲ။ တရားလိုက တရားခံဖြစ်သွားတာမျိုးလည်း ရှိတယ်။ ကံတရားပေ့ါလေ"

ခုတော့ ခင်လှလှ တရားနှင့် ဖြေတတ်သွားခဲ့ပြီ။

ထောင်ထဲမှာ နေသားကျခဲ့ပြီ။

"ကျွန်မ ချစ်တဲ့သူဟာ ဟောဒီ ပရိသတ်ပါ... "
ဆိုသော အငြိမ့်သီချင်းကိုတော့ သတိရသား။ ဆိုင်းသံဗုံသံကို လွမ်းသား။

တစ်ခါတစ်လေ တိုးချဲ့ဆောင်မှာ ကောင်မလေးတွေ ဆိုကြကကြတာမြင်လျှင် သူတို့ကသော ဒိုးဒိုးဒန့်ဒန့်ကို တွန်းပစ်ပြီး ကိုယ့်မြန်မာရိုးရာ တစ်ပင်တိုင်အကကို ကပြချင်သား။

မင်းသမီးဆိုတာ ဘယ်လိုဟု ပြောပြချင်သား။
ဒါပေမဲ့ ဒါတွေအားလုံး အပြင်မှာ ကျန်ခဲ့ပြီ။

ကျွန်မချစ်သော ပရိသတ်ကလည်း ခင်လှလှကို သတိမရကြတော့ပြီ။ အပြင်မှာ အငြိမ့်ဆိုတာ ဗီဒီယိုခွေအဖြစ်ပဲ ရှိတော့သည်ဆိုပဲ။ ဝမ်းနည်းစရာအကောင်းဆုံးက ထိုအငြိမ့်ခွေတွေကိုပင် မင်းသမီးထွက်လာတာနှင့် ကျော်ပစ်ပြီး လူရွှင်တော်ပြက်လုံးတွေကိုသာ ကြည့်ကြတော့ခြင်း ဖြစ်၏။ အငြိမ့်ဆိုတာ လူရွှင်တော် ဟာသခွင်များအတွက် အမည်ခံသာ ရှိတော့၏။ ဒါလည်း အပြစ်မတင်သာပါ။ ဗီဒီယိုမင်းသမီးတွေက ကလည်းမကတတ်ဘဲနှင့် ကလန်ကလား ကကြတာကိုး။ အကမကောင်းမှန်းသိလို့ ကျော်ကြည့်ကြတာ ဖြစ်နိုင်သည်။ ခင်လှလှအကကို ပြလိုက်လျှင်ဖြင့် စွဲလမ်းကြနိုင်ဦးမည် ထင်ရဲ့။

"ကဲ... ထတော်မူပါတော့"
ခင်စိန်ခေါ်ရာသို့ လိုက်ပါခဲ့ရ၏။

(၈)ဆောင်ရှေ့ အုတ်တံတိုင်း ဝင်ပေါက်မှာ ဝါဒါယောကျ်ားတစ်ဦးက စောင့်နေသည်။

"ညည်းတို့ကလည်း ကြာလိုက်တာ၊ ရှိုးပြင်နေတာလား"

ဝါဒါကိုမင်းမောင်က ကျိတ်ဆူတာလိုလို၊ နောက်တာလိုလို။ အရှည်ကြီးက ခင်စိန်ကို ပြုံး၍ နှုတ်ဆက်သည်။ ထောင်ထဲမှာ မိန်းမနှင့်ယောကျ်ား လုမ်းမကြည့်ရဟူသော စည်းကမ်းရှိ၏။ ထမင်းဖိုအချင်းချင်းတော့ ကြည့်နိုင်ပါသည်။ ဒါက တာဝန်လွှဲပြောင်းရသော ကိစ္စလေ။

ခင်စိန်က အရှည်ကြီးကို ကြည့်၏။
အရှည်ကြီးက သက်ပြင်းချပြသည်။

မြင်သာမြင် မကြင်ရမောင့်ကိုယ် ဆိုတာ ဒါကိုး။
တစ်မိနစ်မျှ မကြာလိုက်။

ထမင်းတောင်းကြီးကို ဟိုဘက်သည်ဘက် ထမ်းပိုးလျှိုလျက် နှစ်ယောက်အတူ ထမ်းမလိုက်ကြ၏။ အအေးစက်နေသော ထမင်းညိုညို အခဲကြီးများသည် ခင်စိန်တို့ကိုယ်မှ ချွေးများ၊ ဖုန်များနှင့်မိတ်ဆက်ရင်း မိန်းမဆောင်ထဲ ဝင်လိုက်ခဲ့ကြ၏။

"ထမင်းဖိုလာပြီ... ထမင်းဖို"
ခင်စိန် အော်လိုက်သည့်ခဏ ပြေးလာကြသော မိန်းမများသည် ခင်စိန်တို့နားတွင် ဇုတ်တုတ်ဆောင့်ဆောင့် တန်းစီထိုင်ကြလေသည်။

"ဟိုကောင်မ... သောက်ခွက်ရိုက်လိုက်ရ။ ဘာလို့ သုံးပန်းကန်ကိုင်လာတာလဲ"
"အကြီး နေမကောင်းလို့ပါ မခင်စိန်ရဲ့"
"မလိုချင်ဘူး။ နေမကောင်းရင် ငါ့ပြော"
"သူ့မှာ ဆေးလိပ်မကျန်တော့ဘူးတဲ့"
ဒေါင်းခနဲ ရိုက်ချလိုက်သော ခင်စိန့်ဝါးခြမ်းပြားက ကောင်မလေး ဆံပင်တွေကို သိမ်းယူပစ်လိုက်သည်။

"ငါပေးမယ်... တော်တော့"
ခင်လှလှက ဆို၏။ ဆေးလိပ်မပေးနိုင်သော ကြီးကြီးတစ်ယောက်အတွက် ခင်လှလှ ဒီတစ်နပ် ကုသိုလ်ပြုလိုက်မည်။ ဤသို့ပြုရ၊ ကုသလကြောင့်... အစချီကာ မိမိအနုပညာနှင့် ဘယ်လိုမျှ မအပ်စပ်သော ဤအကျဉ်းထောင်ထဲသို့ ဘယ်ဘဝတွင်မှ မကျရောက်ပါရစေနှင့်... ဟု ဆုတောင်းရဦးမည်။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ)

*****

## ဂျင် မချို

မိန်းမထောင်မှာ မချိုတွေ များလှသည်။

ထို့ကြောင့် ဘယ်မချိုမှန်းသိအောင် သက်ဆိုင်ရာအမှုဖြင့် ဝိသေသတပ်ပြီး ခေါ်ကြလေသည်။ သို့ဖြင့် ချဲမချို၊ ဖဲမချို၊ ဆေးမချို၊ ဂျင်မချို စသဖြင့် ကွဲကွဲပြားပြား ဖြစ်လာကြ၏။ ကလေးအမေ၊ မချို၊ တိုးချဲ့မချို ဆိုတာတွေလည်း ရှိသည်။ ဘယ့်နယ်ကြောင့်များ မချိုအမည်နှင့် မိန်းမတွေက ထောင်ထဲ ရောက်လာကြပါလိမ့်ဟု စဉ်းစားဖို့ပင် ကောင်း၏။

အားလုံးသော မချိုတွေထဲမှာ 'ဂျင်မချို'က အတောက်ပဆုံးပါ။ အဝေးကပင် မြင်နိုင်ပါသည်ဆိုသော ဂိုက်ဆိုက်မျိုးဖြစ်၏။ အရပ်အမောင်း ကောင်းသည်။ ကိုယ်လုံးကိုယ်ထည် ဖွံ့သည်။ အသားအရေ စိုပြည်ဖြူဝင်းသည်။ မျက်လုံးမျက်ဖန်၊ နှာတံအစ အထက်တန်းကျသည်။ ဆံပင်ပုံစံကလည်း ခေတ်မီအကောက်နှင့် ကြေးနီရောင်။ ကဲ... ဘယ်လိုလုပ်ပြီး ဒီအမျိုးသမီးကို အကျဉ်းသူလို့ ထင်ကြပါ့မလဲ။ ထင်ရက်စရာတစ်စက်မှ မရှိ။

ဒါပေမဲ့... ဤခေတ်မီတောက်ပ လှပရွှန်းစိုသော အမျိုးသမီးသည် အကျဉ်းသူအစစ်အမှန်ပါ။ ဂျင်မှု၊ (၃)နှစ် ဖြစ်၏။

"မချို အမျိုးသားကလေ..."
ဂျင်မချို စကားပြောလျှင် အဲသည် မချိုအမျိုးသားဆိုသော စကားလုံးမပါသည့်အခါဟူ၍ မရှိပါ။ သူ့အမျိုးသားလည်း ချစ်ချင်စရာပါပဲ။ မချို ထောင်ထဲမှာ စိတ်မညစ်စေရ၊ မညှိုးငယ်စေရ။ ထောင်ထဲဆိုသော်လည်း ဘော်ဒါဆောင် ခဏနေရတာဟု ခံစားဖြစ်အောင် ထားသည်။ မချို အမျိုးသားသည် မချို အပြင်မထွက်ရတာကလွဲလျှင် အပြင်မှာနေသလို ထားနိုင်သည်။ သူများတွေ နှစ်ပတ်တစ်ကြိမ် ထောင်ဝင်စာ ပို့ရ၏။ သူက အပတ်တိုင်းပို့သည်။ မချိုသူငယ်ချင်း တူးမကို ကြားခံပြီး စနေနေ့တိုင်း ပို့ခြင်း ဖြစ်သည်။ သည်စနေ မချိုထောင်ဝင်စာ၊ နောက်စနေ တူးမာထောင်ဝင်စာ။ ပို့သူကား မချိုအမျိုးသားကိုယ်တိုင်။ သည်တော့ စနေနေ့တိုင်း ဟင်းစိုစားရ၏။ 'ဟင်းစို' ဆိုတာ သည်နေ့ချက်သောဟင်းကို ခေါ်ခြင်းဖြစ်ပါသည်။ ဘာလချောင်ကြော်၊ ချဉ်ပေါင်ကြော်ဆိုတာတွေက ဟင်းခြောက်ပေါ့။

တစ်ပတ်စား၍ မကုန်သော 'ဟင်းခြောက်'တွေကိုလည်း ဟို့လူ့ပေး။ ဒီလူ့ပေးနှင့် မချို အလှူလုပ်သည်။ မုန့်ပဲသရေစာ အခြောက်တွေကိုလည်း ကလေးအမေဆောင်မှာ မချိုမွေးနေ့ တနင်္လာနေ့တိုင်း ဝေသည်။ တနင်္လာဆို ကလေးအမေတွေက မချိုမုန့်ဝေတော့မယ်ဆိုပြီး မျှော်ကြပြီ။

ထောင်ထဲမှာ 'ထောင်နံ့' ဆိုတာ ရှိ၏။ မချို နားကပ်လို့ကတော့ ထောင်နံ့မရ။ သူ့ဌေးနံ့ပဲ ရလိမ့်မည်။ ရှန်ပူခေါင်းလျှော်ရည် အကောင်းစားနှင့် တစ်ရက်ခြား ခေါင်းလျှော်သည်။ ရေမွှေးဆပ်ပြာလည်း အကောင်းစား။ ဘော်ဒီစပရေး၊ ရေမွှေးဆို သုံးလေးမျိုး၊ မျက်နှာအတွက် 'စကင်းကဲ'ဆိုတာကို ပို၍ ဂရုစိုက်သည်။ ထောင်ကထွက်လာလို့ 'ထောင်ထွက်' ဆိုပြီး အသားအရေ မပျက်စေရ။ နိုင်ငံခြားက ပြန်လာသလို ထင်စေရမည်။

ဟုတ်ပါရဲ့။
အရပ်ထဲမှာလည်း မချို နိုင်ငံခြားသွားနေတာဟု သတင်းလွှင့်ထားသတဲ့။ ထောင်ကျသွားတာလို့ ပြောလို့ ဘယ်ဖြစ်ပဲ့မလဲ။ ယောမင်းကြီးလမ်းဆိုတာ ရန်ကုန်မြို့လယ်ကောင်ကြီး၊ ခြံပိုင်ဝင်းပိုင်၊ ကားပိုင်၊ ကုမ္ပဏီပိုင်တွေ အသီးသီးနဲ့ မဟုတ်လား။ သည်လို လူကုံထံတွေကြားမှာ မရိုန်းအင်ဂျင်နီယာကတော် ခင်ချိုချိုအေးတစ်ယောက် အင်းစိန်ထောင်ထဲ ရောက်သွားကြောင်း သတင်းအစအနတောင် အပြန့်မခံနိုင်ပါ။ လွယ်တော့လွယ်သား။ အရင့်အရင်ကလည်း မချိုက ယောက်ျားသင်္ဘောနှင့် ကမ္ဘာပတ်နေကျပဲလေ။ အရှေ့သွားမလား၊ အနောက်သွားမလား။ မချိုသွားချင်သည့် ကမ္ဘာခြမ်းသို့ မချိုအမျိုးသားက အလုပ်ပြောင်းနိုင်ပေသည်။ ဝါရင့် မရိန်းအရာရှိမို့ စီးဆားဗစ်အရရော၊ နာမည်အရရော၊ ပညာအရပါ ခေါ်ချင်သည့် ကုမ္ပဏီတွေက တစ်ပုံကြီး။ မချိုအကြိုက်သာပြော။

သည်တော့ အခု မချို အင်းစိန်ရောက်နေတာကို အမေရိကမှာလိုလို၊ ယူကေမှာလိုလို၊ ခပ်ဝေးဝေးက သူဌေးတိုင်းပြည်တစ်ခုဟု ကြေညာထားလိုက်၏။ ဘာသွားလုပ်တာလဲ။ လွယ်ပါတယ်။ သားကျောင်းတက်နေတာ သွားနေပေးတယ်ပေါ့။ မောင်နှမတွေက ခေါ်လို့ပေါ့။ နှစ်နှစ်လောက်ဆိုတာ ခဏလေးပဲ။ ထောင်ကျတာက (၃)နှစ်ဆိုပေမဲ့ လျှော့ရက်နဲ့ဆိုတော့ (၂)နှစ်သာသာပဲ နေရမှာ။

"ဆွိဆွိ… ကျန်းမာရေးပဲ အာရုံပြု၊ တခြားဘာမှ အရေးမကြီးဘူး။ ဒါလင်တို့မှာ ငွေက သုံးလို့မှ မကုန်နိုင်တာ။ ဆွိ ကျန်းမာမှ အပြင်ပြန်ထွက်တော့ နပျိုလုပနေမှာ"

"ဆွိရေ… စိတ်မညစ်နဲ့နော်။ စိတ်က အရေးကြီးတယ်။ စိတ်ပျိုရင် ကိုယ်နသတဲ့။ စိတ်ဆောင်ရင် အောင်သတဲ့။ ဆွိပျော်ပျော်နေပါမှ မအိုဘဲ နပျိုနေမှာ"

"ဆွိ… ဒါလင့်ကို စိတ်ချနော်။ ဘယ်အပျော်မယားမှ မထားဘူး။ ဒါလင့်နှလုံးသားမှာ ဆွိပဲရှိတယ်။ ဆွိကို သနားလိုက်တာ"

ထောင်ဝင်စာအချိန် (၁၅)မိနစ်မှာ မချိုက ပြောရတာ နည်းနည်း။ မချိုအမျိုးသားကချည်း တတွတ်တွတ်ပြောတတ်၏။ ဘယ်လောက်အောင့်ထားရသည်မသိ။ ပြောစရာတွေကလည်း မကုန်နိုင်။

"ဒါလင် သဘော်မလိုက်တော့တာကို အငြိမ်းစားယူတာလား မေးကြတယ် သိလား။ ဒါလင့်အသက်(၅၀)ပဲ ရှိသေးတာ၊ ဘာလို့ အငြိမ်းစားယူရမှာလဲ။ အခု ဒါလင့်မှာ နှလုံးအားနည်းတာရယ်၊ ဆီးချိုရယ်၊ အရိုးကျီးပေါင်းရယ်၊ နောက်… စဉ်းစားလို့ရတဲ့ ရောဂါအကုန်ရှိတယ်လို့ ပြောလိုက်တယ်။ တစ်ပတ်တစ်ခါ စနေနေ့တိုင်း အထူးကုမှာ ပြရတယ်။ ဆရာဝန်ကြီးတွေအတွက် လက်ဆောင်အစားအသောက်တွေ ဝယ်ရတယ်ပေါ့။ သဘာဝကျတယ် မဟုတ်လား… ဆွိ"

"ဆွိက ဘာလို့ အကြာကြီး ကမ္ဘာပတ်နေတာလဲတဲ့။ စပ်စုကြသေးတယ်။ သားကြီးက တက္ကသိုလ်တက်နေပြီလေ။ မိခင်က ရင်အုပ်မကွာ ထိန်းရမှာပေါ့လို့။ ဟိုမှာက ယောကျ်ားလေးဆို မပွေမရှုပ်မှ ဘေးကင်းတာ။ ဆွိက သူ့သားကို စိတ်မချလို့ပါလို့ ညာပြောထားတယ်။ ယုံကြတယ်ဗျာ"

မချိုအမျိုးသားက စကားလည်း များများပြော၏။ ရယ်စရာလည်း ပြော၏။ မချို ပျော်ပါစေလို့ ထင်ပါရဲ့။

မချိုကလည်း စနေတစ်ပတ်ခြား ထောင်ဝင်စာနေ့ မနက်ဆိုရင် ရေထချိုး၊ မိတ်ကပ်အလှဆုံးပြင်၊ အကောင်းစား အဖြူဝတ်စုံနှင့်၊ အကောင်းစားဖိနပ်အဖြူနှင့်။ တစ်ခါတလေ ဖဲပြားအဖြူရောင်ပင် ချည်လိုက်သေး။ ဒါမှမဟုတ် မာဖလာအဖြူပေါ့။ မာဖလာအဖြူ စည်းနှောင်ထားသော မချို၏ ဆံပင်ကြေးနီရောင်တွေကို 'နမ်းချင်လိုက်တာ နမ်းခွင့်ရချင်ပြီ' ဟု အမျိုးသားက မက်မောစွာ ဆိုသေးသည်။ မချိုက မချိုမချဉ်မျက်နှာလုပ်ပြီး သတိထားဟု လက်ညှိုးထောင်တော့မှ သူဘာရိတ်အုပ်သည်။

ထောင်ဝင်စာမှ တစ်ခါပြန်လာလျှင်တော့ မချို ဘယ်သူ့ကိုမျှ စကားမပြောတော့။ အဝတ်အစားပင် မလဲနိုင်ဘဲ နေရာမှာ ခွေလှဲနေတတ်သည်။ ဩော်… ဒါလင့်ကို သနားလိုက်တာ။ ဒါလင်

ပင်ပန်းရှာပြီ။ ဒါလင် ငွေကုန်တာက အရေးမကြီးဘူး။ သူ့အနားမှာ ငါမနေရဘူး။ သူက အပြုအစုအယုအယတွေ ကြိုက်မှကြိုက်။ အခု သူ့ကို ဘယ်သူများ ပြုစုမလဲ။ အိမ်မှာ သူ့အမျိုးတွေရှိပေမဲ့ ကိုယ့်လောက် သူ့အထာကို ဘယ်သူမှ မသိဘူး။ ပေါင်းလာတာ နှစ်ပေါင်း (၂၀)ကျော်ပြီ။ သင်္ဘောလိုက်ရင်တောင် ရနိုင်သလောက် လိုက်ခဲ့တဲ့မိန်းမ။ နှစ်နဲ့ချီပြီး တစ်ခါမှ မခွဲဖူးတဲ့ လင်မယား။ မယားကျွေးတဲ့ ညစာမှ မြိန်တဲ့လူ။ မယားကိုယ်တိုင် လက်သည်းညှပ်ပေးမှ ကျေနပ်တဲ့လင်။ မယားကိုယ်တိုင်… အို အစစပါပဲ။ ဘာမဆို မယားလက်နဲ့မှ ကြိုက်ရှာတာ။ ခုတော့ ဒါလင့်ကို ဘယ်သူ ယုယနေမလဲ။

တွေးလိုက်တိုင်း ခေါင်းထဲမှာ နောက်ကျိလာသည်။

ဒါလင်က မချို စိတ်ချရအောင်ဆိုပြီး ကိုယ်တိုင် ထောင်ဝင်စာလာတာ မှန်ပါရဲ့။ ဒါက (၁၅)မိနစ်ပဲတွေ့ရတာ။ လက်ချောင်းလေးတွေချင်းတောင် ထိလို့မရ။ သံဆန်ခါ နှစ်ထပ်ခြားလို့ နီးရက်နဲ့ဝေး။

သူက ဘယ်နိုင်ငံရောက်ရောက် ဖုန်းဆက်တတ်သည်။

ခုတော့ တစ်မြို့တည်း ဖြစ်ရက်နှင့် သူ့ဖုန်းသံလေးမျှ နားထောင်ခွင့် မရှိ။ ဒါနဲ့ ညည သူပျင်းရင် ဘယ်သူနဲ့များ ဖုန်းပြောနေမလဲ။ ဒါကို တွေးမိရင် ခေါင်းထဲမှာ တစစ်စစ်နာလာတော့သည်။ သင်္ဘောသားလည်းဖြစ်၊ ချိဖ်အော်ဖစ်ဆာခေါ် အရာရှိချုပ်လည်းဖြစ်၊ မိဘမျိုးရိုးကလည်းချမ်းသာ၊ အသက်(၅၀)သာဆိုတယ် နုတုန်းလှတုန်း။ သရီးကွာတာ ဘောင်းဘီနဲ့ တီရှပ်ဝတ်ထားရင် အရှေ့တိုင်းက ရုပ်ရှင်မင်းသား ကျနေတာပဲ။ ရုပ်ဖြောင့်တာဟာ သူ့ကုသိုလ်။ သူ့ကို ကျားမမရွေး ခင်ကြသည်။ ဆိုတော့… အခုဆို ဘယ်မိန်းမတွေကများ ဒါလင့်ကို မြူဆွယ်နေကြပြီလဲ။ စိတ်မပါဘူးဆိုပေမဲ့ ခန္ဓာကိုယ်က နေပါ့မလား။ ကိုယ့်ယောကျ်ားအကြောင်း ကိုယ်အသိဆုံး။ ဒါလင်က စိတ်ရောကိုယ်ရော နုတယ်။ ထိလွယ် ရှလွယ်။ ချစ်လွယ်ခင်လွယ်။ အို… ငါမရှိတုန်း ငှါထက်ငယ်တဲ့။ ချောတဲ့ မော်ဒယ်လေးများတွေ့ရင် ပြီမှာ သေချာတယ်။ ယောကျ်ားဆိုတာ မိန်းမနဲ့ကင်းပြီး ဒီလောက်ကြာကြာ ဘယ်နေနိုင်မလဲ။

စဉ်းစားလေ စိတ်ပူလေ။
ယခုချက်ချင်း ငှက်သွင်ပျံကြွသွားချင်လှ၏။
ညဘက်ဆို ပိုဆိုးသည်။

ခုနေ ဒါလင် ဘယ်သွားနေလဲ၊ ဘယ်ကောင်မ ရင်ခွင်ထဲ ရောက်နေလဲ။ အဲသည် 'ကောင်မ' ဆိုတဲ့အတွေး ဝင်လာလျှင် အိပ်မပျော်တော့ချေ။ ဘာကြောသေးလို့လဲ။ သူ့ကိုယ်သူ မော်ဒယ်သင်တန်းဆင်းဆိုပြီး ဒူးပေါ်ပေါင်ပေါ် စကတ်တို၊ ကျောပေါ်ရင်ပေါ် ရှင်မီးဝတ်လို့။ လှတော့လှသား။ အသက်ကလည်း (၂၀)မကျော်သေး။ အသားကလည်း ရွှန်းဝါလို့။ အိမ်ကလူကြီး အတွေ့ဇာတ်ကား ရိုက်တာလေ။ စိတ်ကိုနိုင်ပေမဲ့ အတွေ့ကို မနိုင်ရှာဘူး။ ကောင်မကိုကလည်း ကဲတယ်။ အတော်ကို ဖျံကျတယ်။ လူကိုရော ငွေကိုရော အပိုင်ကြံတာ။

တော်ပါသေးရဲ့ ...။
မချိုက ဆရာကောင်းရှိ၏။

ဒါလင် အဲသလို မူပျက်တာကို ဆရာကြီးက ကြိုတင် သတိပေးပေလို့ပဲ။ ဆေးမီထားပြီတဲ့။ ကန်တော့ပွဲတွေ ထိုးလိုက်ရတာ။ အင်းကွက်တွေ တိုက်လိုက်ရတာ။ ဖယောင်းတိုင်တွေ ထွန်းလိုက်ရတာ။ ငွေလည်း ဆယ်သိန်းလောက် ချောသွားခဲ့တာလေ။ ကုန်ချင်သလောက် ကုန်ပါစေ၊ လူပြန်ရရင် တော်ပါပြီ၊ ဆရာကြီး စွမ်းလို့ပေါ့။ ဆရာကြီး ဖယောင်းတိုင်ထွန်းတဲ့ (၃)ရက်မြောက်မှာ ဒါလင် အိမ်စောစောပြန်လာတယ်။ ကိုယ့်ကို မွှေးမွှေးတွေများ ပေးလို့။

ကိုယ်ကလည်း အကြံနဲ့ဆိုတော့ ဆရာကြီးပေးလိုက်တဲ့ ဆေးနီမှုန့်တွေကို အိုဇာတင်းထဲ ထည့်ဖျော်ပြီး ကိုယ်တိုင် ချော့တိုက်ခဲ့ရ၏။ ဒါတောင် အမှုန့်တွေ ခွက်ထဲမှာ ကပ်နေလို့ အကုန်မဝင်ဘူး။ ဒါပေမဲ့ အောင်မြင်ပါတယ်။ ကောင်မက အကပ်မခံတော့ဘူးတဲ့။ မျက်နှာတောင် မကြည့်ချင်အောင် မုန်းသွားကြရော။

ကျေးဇူးပါ ဆရာကြီးရယ်။

ဆရာကြီးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။

အခု သူ့အနားမှာ ဆေးတိုက်မယ့်လူ မရှိတော့ ဘယ်ကောင်မကများ ဒါလင့်ကို မြူဆွယ်ဦးမလဲ မသိဘူး။ ဟင်း... လွတ်ချင်လှပြီ။

"လွတ်ချင်လှပြီ"
နှုတ်က အသံထွက်ညည်းမိသည်။

ဘေးမှာအိပ်နေသော မသိန်းအေးက နိုးသွား၏။
"အေးပေါ့၊ မချိုရယ်၊ အားလုံး လွတ်ချင်ကြတာပေါ့"

မသိန်းအေး အားပေးကာမှ မချို မျက်ရည်ကျ၏။
"မတူဘူး မသိန်းအေးရဲ့။ မချိုအမျိုးသားက လူချော၊ လူချမ်းသာ၊ ခင်စရာကောင်းတဲ့လူဆိုတော့ မိန်းမတွေက အလကားလည်း လိုက်ပါရစေတွေလေ။ ဟင်း..."

မချို သက်ပြင်းချ၏။
မသိန်းအေးက လိုက်ပြီး သက်ပြင်းရှူသည်။
ဘာကို ဘယ်လိုအားပေးရမှန်း မပြောတတ်တော့။

"တောက်"
မချို တောက်ခေါက်၏။

မသိန်းအေး ခေါင်းခါသည်။

"တအား နှောင်တရတာပဲ"
"ဘာကိုလဲ"
"ဘာကိုဖြစ်ရမလဲ၊ ဂျင်ပေါ့"
"သြော်... အေး... ဂျင်ကစားတာ စွဲတတ်လား"
"သိပ်စွဲပေါ့၊ ဖဲကစားတာကမှ စဉ်းစားရသေးတယ်။ စီရသေးတယ်။ ဂျင်က ဝေါခနဲရ၊ ဝေါခနဲကုန်"
"အေးလေ၊ အဲဒါ ... "
"အဲဒါ မချိုက ဆင်ခြင်ပါတယ်။ မချို အမျိုးသားကိုယ်တိုင်က မချိုပျင်းမှာစိုးလို့ဆိုပြီး ဂျင်ဝိုင်းကို ခေါ်သွားခဲ့တာမို့ သူ့မှာလည်း အပြစ်မကင်းဘူးတဲ့"
"ဝိုင်းမှာ မိန်းမတွေပါလား"
"ပါတယ်လေ။ သူဌေးတွေချည်း"
"လောင်းကြေးက များတယ်ဆို"
"ငွေပုံပေးတာ ခပ်ရှားရှား။ မချိုတို့ဝိုင်းက အထည်"
"စိန်လက်စွပ်တို့၊ စိန်လက်ကောက်တို့"
"ဟယ်... ကြောက်စရာကြီး"
"မချိုက နိုင်ဖူးတော့ ပိုစွဲတာပေါ့။ မချို စိန်လက်စွပ်ချလည်း နိုင်တာပဲ။ စိန်လက်ကောက်ချလည်း နိုင်တယ်"
"လာဘ်ကောင်းတယ်ပေါ့"
"ဒါပေမဲ့... မသိန်းအေးရယ်၊ အဖမ်းခံရတာက ဘာမှ မကစားဘဲနဲ့"
"မကစားဘူး ဟုတ်လား"
"အင်း... အဲဒီနေ့က ဝိုင်းမဖြစ်ဘူးလို့ ဖုန်းရတာ။ မချိုက မသွားဘူးလို့နေတာ။ ကစားဖက်ချစ်ချစ်က ပျင်းတယ်။ သွားရအောင်ဆိုတာနဲ့ အပျင်းပြေဆိုပြီးသွားတာ။ အထည်တောင် ဝတ်မသွားဘူး။ ကစားနေကျအိမ်ကိုရောက်တော့ ရဲတွေဝိုင်းထားပြီ"
"ဟင်... မကစားဘဲ ရဲကဝိုင်းတယ် ဟုတ်လား"
"တခြားသူတွေ ကစားတာ။ မချိုတို့လူ မပါဘူး။ ဒါပေမဲ့... ဥပဒေက ဝိုင်းနဲ့ ဆယ်ပေအတွင်းမှာရှိတဲ့လူကို ဖမ်းနိုင်တယ်"
"ဟောတော်"
"အဲဒါ ပြောတာပေါ့။ ကိုယ်ကစားနေတာဆို ဖြေသာတယ်။ ခုတော့ ဘာမှ မလုပ်လိုက်ရဘဲနဲ့"
မချို ငိုသည်။

လွတ်ရက်က အဝေးကြီးလိုသေးသည်။

(နရသိန် မဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ)

*****

# ရေကန်ဘာရာ မြင့်မြင့်ဦး

ထောင်ထဲကို ဘာမှန်းညာမှန်းမသိဘဲ ရောက်လာကြသူတွေ ရှိတယ်လို့ ပြောလျှင် ယုံကြပါ့မလားမသိ။ ထောင်ဆိုတာ လူဆိုး၊ လူမိုက်၊ လူရမ်းကားတွေကို အပြစ်ဒဏ်ပေး ချုပ်နှောင်ထားတဲ့နေရာလို့ပဲ အစဉ်အဆက် မှတ်ယူကြတာပါ။

ထောင်သားဆိုလျှင် လှမ်းမကြည့်ရဲဘူး။ အနားမကပ်ရဲဘူး။ စုတ်ပြတ်ပေရေပြီး နံစော်နေတဲ့ ရာဇဝတ်သားတွေအဖြစ် အဝေးက ရှောင်ခဲ့ကြတာပါ။ ထောင်ထွက်ဆိုလျှင်လည်း ရပ်ကွက်ထဲမှာ ဘယ်သူ့ကိုမှ မကြောက်တဲ့လူ၊ လက်မရွံ့တဲ့လူ၊ အားလုံးက ကြောက်ရတဲ့လူ၊ ပြိုင်မဖြစ်ရဲတဲ့လူအဖြစ် မြင်ခဲ့ကြတာပါ။

ဒါပေမဲ့...
သနပ်ခါးအဖွေးသားနဲ့၊ သန့်ပြန့်တဲ့ဝတ်စုံနဲ့၊ ပြုံးရွှင်တဲ့ မျက်နှာနဲ့ ဘဝကို ကြည်ကြည်လင်လင် ဖြတ်သန်းနေတဲ့ မိန်းမတချို့ကိုလည်း ထောင်ထဲက 'မိန်းမဆောင်' တွေမှာ တွေ့နိုင်ပါတယ်။ အကျဉ်းသူဆိုတိုင်း စုတ်ပြတ်နံစော်မနေပါဘူး။ ရိုင်းစိုင်းယုတ်မာမနေပါဘူး။ ထောင်ကျခဲ့ရတဲ့ ပုဒ်မနဲ့ အကြောင်းရင်း အမျိုးမျိုးရှိသလို၊ ဘဝနောက်ခံ အမျိုးမျိုးအရ အကျဉ်းသူ အသွင်ပုံစံ ကွဲပြားနေခြင်းပဲ ဖြစ်ပါလိမ့်မည်။

ဒီအထဲမှာ 'မြင့်မြင့်ဦး' ကို လူတိုင်းသိကြပါတယ်။ အရပ်မြင့်မြင့်၊ ကိုယ်ရည်ကိုယ်သွားဝင်းဝင်း၊ ကိုယ်လုံးသွယ်သွယ်၊ မျက်လုံးမျက်ဖန်လှလှ၊ နှာတံပေါ်ပေါ်နဲ့ အပြင်မှာများတွေ့ရရင် အကျဉ်းသူလို့ ဘယ်လိုမှ မထင်ရက်စရာပါ။

သူ့နာမည် မြင့်မြင့်ဦး။
ဇာတိက ပဲခူးဘက်က ရွာလေးတစ်ရွာ။

ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်မှာရှိတဲ့ ရွာလေးမို့ မြင့်မြင့်ဦးတို့က ခေတ်နောက်မကျပါ။ ဆံပင်ညှပ်၊ မိတ်ကပ်ပြင်ပညာတွေ ရန်ကုန်ဆင်းပြီး သင်တန်းခြောက်လ တက်ခဲ့ပြီးတဲ့အခါ မိတ်ကပ်မြင့်မြင့်ဦးဆိုတဲ့ ဆိုင်းဘုတ်လှလှလေး ချိတ်ပြီး ရွာကကောင်မလေးတွေကို ဦးဆောင်နိုင်ခဲ့သူပေပဲ။

အသက်သုံးဆယ် ဆိုပေမယ့် မိတ်ကပ်ပညာက မြင့်မြင့်ဦးကို နိုပျိုစေတာမို့ နှစ်ဆယ်ကောင်မလေးတွေကြားမှာ ပေါ်လွင်နေမြဲ။ တစ်ခုပဲရှိတယ် မြင့်မြင့်ဦးက နည်းနည်း ယောကျ်ားဆန်တယ်။ ယောကျ်ားလျာရယ်လို့လည်း မစွပ်စွဲနိုင်ဘူး။ ဒါပေမယ့် ခင်ဗျား ကျွန်တော်အပြောရယ်၊ ရုပ်အကျီရယ်၊ ပုဆိုးကွက်စိတ်တိုတိုရယ် ပေါင်းလိုက်တော့ မြင့်မြင့်ဦးကို ဘယ်သူမှ မိန်းကလေးလို့ မမြင်တော့ဘူး။ မိတ်ကပ်လောကမှာ ယောကျ်ားစစ်စစ်တွေက မိန်းမလိုဝတ်ပြီး 'မာမီ' တွေ လုပ်ကြတာပဲ များတာပါ။ မြင့်မြင့်ဦးက ပြောင်းပြန်။ မိန်းမစစ်စစ်။

(ထောင်ထဲ စပြီးဝင်တော့ မိန်းမစစ်ကြောင်း ရဲမေတွေက အတွင်းခန်းထဲခေါ်ပြီး စစ်ကြသေးတယ်ဆိုပဲ။)

မိတ်ကပ်ပညာရှင် မြင့်မြင့်ဦးတစ်ယောက် သူ့ အလုပ်နဲ့ ဘာမှ မပတ်သက်တဲ့ မိန်းမဆောင်(၈) အင်းစိန်ကို ရောက်သွားခဲ့တော့ သူရှာကလူတွေလည်း တအံ့တသြဖြစ်။ သူ့ဖောက်သည်တွေလည်း ဆံပင်ညှပ်ပေးမယ့်လူ မရှိဖြစ်။ မိသားစုအနေနဲ့ကတော့ အမေတစ်ယောက်ပဲ ရှိတာမို့ အမေကပဲ တစ်လတစ်ခါ ရန်ကုန်ဆင်း၊ ထောင်ဝင်စာတွေ့ရင်း မိမြင့်ဦးရယ် နန့်ကြောဆွဲလို့ ဒီနေရာ ရောက်ရလေခြင်းလို့ ရင်ထုမနာဖြစ်ရာက ဝင့်ကြွေးပေ့ါလေလို့ ဖြေရှာတယ်။

ထောင်ဝင်စာတွေ့တယ်ဆိုတာ အမှန်မှာ နှစ်ပတ်တစ်ခါ တွေ့ခွင့်ရှိပါတယ်။ အချုပ်ကျတွေအတွက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ အကျဉ်းကျသမားများအတွက်က ကြာသပတေး၊ သောကြာ၊ စနေ ဖြစ်ပါတယ်။ မြင့်မြင့်ဦးအမေက ပဲခူးအဝေးရှာလေးက လာရတာမို့ နှစ်ပတ်တစ်ခါ မလာနိုင်ဘူး။ လာတယ်ဆိုတာ ခရီးစရိတ်၊ ကားခဆိုတာတွေ အပြင် ပင်စားဖို့ထောင်ဝင်စာထုပ်အတွက်ကလည်း ကုန်ရသေးတာကိုး။

ထောင်က ထမင်းနဲ့ဟင်း ပေးပေမယ့် တစွတ်စွတ် စားတတ်တဲ့ မြင့်မြင့်ဦးက အပြတ်မခံနိုင်ဘူး။ ညဘက်ဆို နို့မှုန့်ဖျော်သောက်သေးတာမို့ နွားနို့မှုန့် တစ်ထုပ်ဆို တစ်ပတ်ပဲ။ ပုဇွန်ခြောက်နဲ့ ငရုတ်သီး စပ်စပ်ကြော်ထားတဲ့ ငံပြာရည်ကြော်၊ ချဉ်ပေါင်အခြောက်လှန်းပြီး ငါးခြောက်နဲ့ ရောကြော်တဲ့ ချဉ်ပေါင်ကြော်၊ မြေပဲထောင်းကြော်၊ ဝက်အူချောင်းကြော်၊ အမဲသားမွကြော် စတဲ့ မသိုးဟင်းတွေကိုလည်း မြင့်မြင့်ဦးက အားမနာတမ်း မှာသေးတယ်။

ပြီးတော့ ထောင်ဝင်စာတွေ့တဲ့နေရာမှာ သံဆန်ကာ နှစ်ထပ်ခြားထားပြီး မျက်နှာချင်းဆိုင် မတ်တပ်ရပ်လို့ ၁၅မိနစ်ပဲ အချိန်ရတာမှာ မြင့်မြင့်ဦးအမေကငို၊ မြင့်မြင့်ဦးက စပ်ဖြီးဖြီးလုပ်၊ သားအမိနှစ်ယောက် ရယ်စရာလည်းကောင်း၊ ကြေကွဲစရာလည်း ကောင်းရဲ့။ အမေ ဟိုကောင်မတွေ ဆံပင်မညှပ်နဲ့ဦးပြောလိုက်၊ ကျွန်တော်က လေးနှစ်ပဲ ကြာမှာဆိုတော့။ သူ့အမေက အသံမထွက်ဘဲ ဆဲတယ်။ ဒီအစားအစာတွေဝယ်ဖို့ ပိုက်ဆံ ဘယ်ကရသလဲ မြင့်မြင့်ဦး မမေးဘူး။ ဒါလောက်ကတော့ သူပြန်ထွက်သွားရင် တစ်နှစ်မရှာရပါဘူးလို့ ဖြေတယ်။ သူ့အမေကလည်း အိမ်မကြီးကို တစ်ခြမ်းရောင်းပစ်ရတာ၊ မိတ်ကပ်ဆိုင်ကို အပေါင်ထားရတာတွေ ပြောမပြဘူး။ ညည်းကျန်းမာရေး ဂရုစိုက်၊ ဂုဏ်တော်တစ်ထောင်ရအောင် ပုတီးစိပ်လို့ပဲ ထပ်တလဲလဲ မှာရှာတာ။

မြင့်မြင့်ဦးကတော့ ရယ်နေတာပဲ။ သူမှ ပုတီးမစိပ်ချင်တာ။ ညဘက်ဆို အိပ်ဆောင်မှာ ကိုးနာရီ မထိုးမချင်း လျှောက်ဆော့နေတာ အမေမှ မသိရှာဘဲ။ ဂျင်မှုနဲ့ သုံးနှစ်ကျတဲ့ မယုဆိုတာ မြင့်မြင့်ဦးရဲ့ 'မိန်းမ' ဖြစ်နေပြီ။ မယုက ဖြူဖြူပုပု။ လင်က သင်္ဘောသား။ အိမ်မှာ တစ်ယောက်တည်းပျင်းတော့ ဂျင်ဝိုင်းသွားရာက 'စပရိက်စ်' မိပြီး သုံးနှစ်ကျတာကိုး။

အိမ်ကချမ်းသာတော့ မယုထောင်ဝင်စာ အထုပ်က နို့မှုန့်၊ ဟောလစ်၊ အိုဗာတင်း၊ တစ်ပတ်စာစားလို့ မကုန်ဘူး။ မြင့်မြင့်ဦးက မယုကို မျက်နှာသာပေးတယ်။ မယုက တစ်နေ့ ရေနှစ်ခါ ချိုးချင်တယ်။ ဒါနဲ့ ရေကန်ဘာရာ မြင့်မြင့်ဦးကို 'လင်' လေးဆိုပြီး အတူအိပ်ခဲ့ကြတာ။

တစ်ခါတလေ ညဘက်ကို အဆန်းအပြား ကစားကြတယ်။ မယုက မြင့်မြင့်ဦးကို ခါးထစ်ခွင်ချီပြီး လူနစ်ရာရှိတဲ့ ညအိပ်ဆောင်မှာ ဟိုလျှောက်ဒီလျှောက် သွားရင်း 'အစ်ကိုကြီးတို့ အစ်မကြီးတို့ရယ်၊ ကျွန်မသားလေး ဆာလို့ ထမင်းဖိုးပေးကြပါ' လို့ ရေခွက်ထိုးခံပြီး တောင်းတယ်။ အကျဉ်းသူတွေက သဘောကျစွာ မုန့်တို့၊ ဝေဖာတို့၊ သကြားလုံးတို့ ထည့်ကြတယ်။ အဲ မြင့်မြင့်ဦးက ဆံပင်ကို နပန်းဆံချည်ပြီး ပါးမှာ သနပ်ခါးကွက်ထားတာပါ။ တစ်နေ့ရာရောက်တော့ မြင့်မြင့်ဦးက 'မေမေ သားသား နို့ဆာပြီ' ဆိုပြီး မယုအင်္ကျီကိုအလှန်မှာ မယုက 'မအေ' ဆိုပြီး ခါးထစ်ခွင်က ပစ်အချ၊ မြင့်မြင့်ဦးတစ်ယောက် ပုတီးပတ်မပြည့်သေးလို့ မျက်စိမှိတ်စိပ်နေတဲ့ ဖဲမူ ဒေါ်စန်းအပေါ် ပစ်ပုံသွားတာမှ ပုတီးကြီးလွတ်ကျပြီး 'ဟဲ့... သောက်ပလုပ်တုတ်' လို့ အော်တော့ ၈-ဆောင် အပေါ်ထပ်မှာ ပတ်ထုတ်မရအောင် ရယ်သံတွေ မြိုင်သွားပါလေရော။

"ဘယ်တတ်နိုင်မလဲ အန်တီရယ်၊ ဖြစ်လေရာ ဘဝပေါ့၊ ငိုနေလို့လည်း ဒီလေးနှစ်က လျော့သွားမှာမှ မဟုတ်တာ"

မြင့်မြင့်ဦးက ဒီလိုခပ်အေးအေး ပြောတတ်ပါသေးတယ်။

"ခပ်... ခပ်"

ဒီအသံက နေ့စဉ်နေ့တိုင်း အော်ရတဲ့ မြင့်မြင့်ဦး အသံပါ။ ထောင်ထဲမှာ ရေချိုးဖို့ မလွယ်ဘူး။ တစ်ဆောင်မှာ ရေကန်ကြီးတစ်ခု ထားပေးပေမယ့် ရေကို ထောင်ဟိုးဘက်က မောင်းမို့မှဝင်တာပါ။ ရေမလာရင် ဘာမှလုပ်လို့ မရဘူး။ အိမ်သာရေမြောင်းလည်းပိတ်၊ လူတွေလည်း မျက်နှာမသစ်ရ။ ချိုးဖို့ဆိုတာ အဝေးကြီး။

ဒီတော့ မီးမလာတာ အရေးမဟုတ်။ ရေလာဖို့၊ ရေချွေတာဖို့က အရေးကြီးတယ်။ ဒါကြောင့် ရေကန်တာဝန်ခံ(ရေကန်ဘာရာ) ကို တာဝန်ကြီးတစ်ခု၊ ရာထူးကြီးတစ်ခုအဖြစ် ထားရှိတာပါ။

ရေကန်တာဝန်ခံဆိုတော့ အာဏာရှိပြီပေါ့။ သူ့အမိန့်ရမှ ရေတစ်ခွက် ခပ်ခွင့်ရှိတာပါ။ လူက နှစ်ရာ ရေကန်က တစ်ခုဆိုတော့ မလောက်တာအမှန်။ ဒီတော့ မျှတပြီးရေချိုးဖို့ 'ခွက်ရေ' နဲ့ ပေးရတယ်။ စုစုပေါင်း တစ်ယောက် တစ်ခွက်၊ ဒီရှစ်ခွက်ကို ဘယ်သူက စောင့်ရေတွက်မလဲ။ လွယ်ပါတယ်။

မြင့်မြင့်ဦးက 'ခပ်' လို့ အော်လိုက်တဲ့အခါ ရေကန်မှာ ဝိုင်းပြီး ခွက်အဆင်သင့်ကိုင်ထားတဲ့ လူတွေက ရေကန်ထဲကုန်းပြီး တစ်ခွက်ခပ်ရတယ်။ နောက်... မြင့်မြင့်ဦးက 'ချိုး' လို့ အော်တော့မှ ခပ်ထားတဲ့ရေခွက်ကို ကိုယ့်ကိုယ်ပေါ် လောင်းချရတာပါ။

ဒါပေမဲ့ နောက်တစ်ခါ 'ခပ်' လို့ မအော်ခင်မှာ ဖျတ်ဆိုကုန်းခပ်တဲ့ လူတွေရှိတာပေါ့။ ဒါကို နိုင်ကွပ်ဖို့အတွက် မြင့်မြင့်ဦးက ဝါးခြမ်းပြားအရှည်ကြီး ကိုင်ထားတယ်။ သူမအော်ခင်မှာ ကုန်းခပ်လို့ကတော့ 'ဟဲ့… ဟိုကောင်မ နင့်ဟိုဟာ ဘာဖြစ်နေလို့ ဒါလောက်အရင်လိုနေတာလဲ' ဆိုပြီး ငယ်ထိပ်ကို ရိုက်ချတော့တာပဲ။

မရိုက်ချိလို့တော့ မဖြစ်ဘူး။ ထောင်ထဲမှာ မတစ်ရာသမီးတွေ။ လောဘကြီးသူတွေ၊ လုပါးဝသူတွေ များတယ်လေ။ ထောင်အပြင် တန်းမရှိဘူးဆိုတဲ့ စကားရှိသားပဲ။ ထောင်ထဲရောက်ရင် အပြင်မှာ လိမ္မာတဲ့လူတောင် မိုက်ရဲတယ်။ မထူးတော့ဘူးကိုး။

ဒီတော့ သူတို့ထက် မိုက်တဲ့လူမျိုးကို ဘာရာခန့်ထားရတာပေါ့။ မြင့်မြင့်ဦးကျတော့ လူချစ်လူခင်များတယ်။ သူက ရိုက်တယ်သာဆိုတာ မျက်နှာကပြုံးပြုံးကြီး။ ရိုက်လည်း မနာပါဘူး။ ဒီတော့ သူရှစ်ခါအော်တာမှာ ၁၅ ခွက်လောက် အမြန်ခိုးခပ်တဲ့ လူတွေရှိလည်း ကောင်မ ငါသိတယ်နော်လို့ပဲ ပြောထား ညကျ ငါးပိကြော်၊ လက်ဖက်လာပေးတာပဲလေ။ ဘာပဲဖြစ်ဖြစ် ရေကန်ဘာရာဟာ လာဘ်ရွှင်တယ်။ မြင့်မြင့်ဦးက စားဖို့မပူရ၊ ဝတ်ဖို့မပူရ၊ တစ်ခါတလေ ရွာကိုလွမ်းတာကလွဲရင် ထောင်ထဲမှာ မပိုခဲ့ပါဘူး။ ငါ့နယ်လေး အလိုက်တာ လွန်ပါရောလို့ တစ်ခါတစ်ခါ သူ့အဖြစ်ကို လက်ခုပ်လက်ဝါးတီးပြီး ရယ်စရာပုံပြင်တစ်ပုဒ်လို ပြန်ပြောတတ်ပါသေးတယ်။

အဲဒီနေ့ဟာ မိုးတွေဖြိုင်ဖြိုင်ရွာတဲ့ အာဇာနည်နေ့ပေါ့။ ၁၉ ဇူလိုင် မမေ့နိုင်ဆိုပြီး လူတွေတသလွမ်းဆွတ်ကြတဲ့ နေ့ကြီးပေါ့။ ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်က လူတွေဟာ အဲဒီနေ့မှာ နံနက်စောစော ရွှေတိဂုံစေတီတော်ကြီးကို ဖူးကြတယ်။ ပန်း၊ ရေချမ်း ကပ်ပြီး အမျှအတန်း ဝေကြတယ်။ ဒါပြီးရင်တော့ မြောက်ဘက်မုခ်ကဆင်းပြီး အာဇာနည်ကုန်းမှာ သွားအလေးပြုလေ့ရှိကြတယ်။ ဘယ်အဖွဲ့က ပန်းခွေလှသလဲ ကြည့်ကြရတာ အမောပါပဲ။

မြင့်မြင့်ဦးက မိတ်ကပ်ဝါသနာရှင်လေ…

မင်္ဂလာဆောင်တွေမှာ ပန်းအလှပြင်ပေးရတယ်။ သတို့သမီး လက်ကိုင်ပန်း လုပ်ပေးရတယ်။ ဘယ်ရာသီ ဘယ်ပန်းပေါ်တယ်။ ဘယ်ပန်းနဲ့ ဘယ်ပန်းစပ်ရင် ပေါ်လွယ်တယ် စတဲ့ ပန်းအလှပြင်နည်းတွေကို နိုင်ငံခြားက ပညာရှင်တွေဆီက သွားမသင်နိုင်ပေမယ့် ဒီလိုနေ့မျိုးမှာ အခမဲ့လေ့လာနိုင်တယ်။

ဒါ့အပြင် မြင့်မြင့်ဦးက ရန်ကုန်လူထုကိုလည်း စိတ်ဝင်စားတယ်။ ဒီနေ့ ဘာဖက်ရှင်တွေ ခေတ်စားနေသလဲ။ ဘယ်ဆံပင်ပုံဆန်းနေသလဲ စသဖြင့် ကောင်မလေးတွေရဲ့ စတိုင်လ်ကို လေ့လာချင်တာလည်း ပါတယ်။ ဒါနဲ့ပဲ အဲဒီနေ့ အရက်မတက်ခင်ကတည်းက မြင့်မြင့်ဦးဟာ အဖော်မပါ တစ်ကိုယ်တည်း ရန်ကုန်ကို ဆင်းလာခဲ့တာပါ။

'လာတုန်းကတော့ ဒီလောက် ကြာမယ်မထင်ဘူး'
ဒီစကားကို မြင့်မြင့်ဦးက စီးကရက်မီးခိုးတွေ မှုတ်ထုတ်ရင်း ရယ်စရာလိုလို အတည်လိုလိုနဲ့ ပြောတတ်တယ်။

ဟုတ်ပါတယ်။ ပဲခူးနဲ့ ရန်ကုန်ဆိုတာက နေ့ချင်းပြန်လို့ရတာပဲ မဟုတ်လား။ ညရှစ်နာရီလောက် ရွာပြန်ရောက်လည်း ဘာအရေးတုန်းပေါ့။ ခုတော့ အဲဒီညရှစ်နာရီမှာ မြင့်မြင့်ဦးဟာ သူ ဘယ်လိုမှထင်မထားတဲ့ အင်းစိန်စံပြအကျဉ်းထောင်ကြီးဆီ ရောက်ခဲ့တော့တာပါပဲ။

ဖြစ်ပုံက အဲဒီနံနက် မြင့်မြင့်ဦး ရန်ကုန်ရောက်တယ်။ ရွှေတိဂုံဘုရားတောင် မတက်ဖြစ်ပါဘူး။ ပန်းတွေ လေ့လာဖို့ဆိုတဲ့ ဇောနဲ့ မြောက်ဘက်မုခ်ကို ရောက်သွားတယ်။ ခါတိုင်းလို လူတွေ သိပ်မတွေ့ရဘူး။ စောသေးလို့များလား၊ မြင့်မြင့်ဦး ဟိုလျှောက် ဒီလျှောက် လုပ်တယ်။ ဗဟန်းဘောလုံးကွင်းနံဘေး ပလက်ဖောင်းအတိုင်း ဝိဇယရုပ်ရှင်ရုံဘက် လျှောက်တော့ လမ်းဘေးရေမြောင်းထဲမှာ တစ်စုံတစ်ခုကို သူ မျက်စိကျသွားခဲ့တယ်။

ဟယ် လှလိုက်တဲ့ ပန်းခြင်းကလေး။ ဘယ်သူကျကျန်ရစ်ခဲ့တာပါလိမ့်။ ဘယ်သူ့ဟာပဲဖြစ်ဖြစ် ဒါဟာ မြင့်မြင့်ဦးလိုင်းပဲ။

ပန်းချစ်တဲ့ လူတစ်ယောက်အနေနဲ့ ရေမြောင်းထဲရောက်နေတဲ့ ပန်းခြင်းလေးကို ကယ်တင်ရမယ့် ဝတ္တရားရှိတယ်။

ပန်းကလည်း လှမှလှ။

ကြိမ်ဖရိန်ထဲမှာ၊ သစ္စာပန်းဖူးလေးတွေက ဖြူဖြူ။

အဝါရောင် စိန်ခြယ်လေးတွေက ဟိုနားတစ်ပွင့် ဒီနားတစ်ပွင့်။ ပန်းနုသွေး ရေမွှေးနှင်းဆီငုံလေးတွေက မထိရက်စရာ။

ကျောက်ခက်စိမ်းတွေက ခရစ္စမတ်သစ်ပင်ထဲကအတိုင်း။

ဒီလောက်လှတဲ့ပန်းခြင်းလေးကို မိုးပေါ်က နတ်သကြားများက ဖန်ဆင်းပြီး မြင့်မြင့်ဦးကို ပဏ္ဏာဆက်တာ ဖြစ်နိုင်တယ်။

မြင့်မြင့်ဦးလည်း လမ်းဘေးဝဲယာ တောင်မြောက်ရှေ့နောက် ကြည့်တယ်။ ထူးထူးဆန်းဆန်း လူသွားလူလာ ရှင်းနေတယ်။ ဟုတ်ပါပြီ။ သိကြားမင်းထံက လက်ဆောင်ပဲဆိုပြီး စွေ့ခနဲ ကောက်ယူလိုက်တယ်။ ရပြီ။

နောက်တော့ မြင့်မြင့်ဦးလည်း လမ်းကူးပြီး မြေနီကုန်းမှတ်တိုင်ကို လျှောက်တယ်။ မှတ်တိုင်ကျမှ အဆင်ပြေသလို ဘတ်စ်ကားပတ်စီးမယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

အဲဒီနေ့က မိုးလေးလည်း အုံ့နေတယ်။ လေခပ်ကြမ်းကြမ်းလည်း တိုက်တယ်။ ပြည်လမ်းဘက်မှာတော့ ကားတွေက ပုံမှန်ပါပဲ။ လူတွေလည်း ပုံမှန်ပါပဲ။ မြင့်မြင့်ဦးက လုပတဲ့ပန်းခြင်းလေးကို မြတ်နိုးမှုကြီးစွာနဲ့ ရင်မှာပိုက်ရင်း ကားပေါ်မှာ လိုက်ပါခဲ့တာပါ။

ကားက ဘယ်လမ်းကို ပတ်မောင်းနေလဲ သတိမထားမိဘူး။ တစ်နေရာမှာ ဂိတ်ဆုံးပြီးဆိုပြီး ရပ်တာနဲ့ ပန်းခြင်းလေး မြဲမြဲကိုင်ပြီး စတိုင်နဲ့အလျှောက်မှာ 'လိုက်ခဲ့' ဆိုတဲ့ အသံနဲ့အတူ၊ လူတစ်ယောက် လာခေါ်တယ်။ ဘာမှ ပြန်မပြောနိုင်ခင်မှာ လက်ကို အဆွဲခံလိုက်ရလို့ ကြောင်အမ်းအမ်းနဲ့ တွန့်ဆုတ်တွန့်ဆုတ်လုပ်ရင်း ပါသွားခဲ့ရတယ်။ အဖြစ်ကတော့ ဒါပါပဲ။

မိုးတွေက တအုန်းအုန်း ရွာချလာတယ်။

ကားပြာကြီးထဲ တွန်းထည့်တာခံခဲ့ရတယ်။

ဘယ်မှန်းမသိ ပါသွားခဲ့တယ်။

အထဲရောက်မှ ဒါ အင်းစိန်ထောင်တဲ့။

ကျွန်တော် ဘာအပြစ်ရှိလို့လဲ။

ပန်းခြင်းကြီးနဲ့ မိတာတဲ့။

လူထုကို ဆူပူအုံကြွဖို့ လှုံ့ဆော်တာတဲ့။

ဘုရားရေ...

အဲဒါတွေ ကျွန်တော် နားမလည်ဘူး။

ဒါပေမဲ့...

လက်ဝယ်မိထားတဲ့အဖြစ်။

မြင့်မြင့်ဦး ဘယ်လိုမှ ရှန်းမထွက်နိုင်ခဲ့။

အမေပြောပြောနေတဲ့ 'ဝဋ်ကြွေး' ဆိုတာ ဒါပဲလား မသိ။

အကြင်သူသည် အကြင်အမှုကို ပြု၏။ ဆန္ဒ ပါ၍ ဖြစ်စေ၊ မပါ၍ ဖြစ်စေ၊ ပြုခြင်းသည် အမှုမြောက်၏တဲ့။

မျက်ရည် တစ်စက်မျှမကျဘဲ မျက်စိပြာပြာ၊ မျက်ဆန်ပြူးပြူးဖြင့် မြင့်မြင့်ဦး ဒီကို ရောက်ခဲ့ရလေသည်ပေါ့။

'ခပ်'

မြင့်မြင့်ဦး အော်လိုက်သည်။

အသံက နိမ့်ပြီးဝင်သွားသည်။

အော်ရတာလည်း ရိုးအီနေပါပြီ။

ဟိုကောင်မ ချဲရောင်းတဲ့ မိသန်းကြည်၊ ရေခွက်က ရေခွက်မဟုတ် ဇလုံကြီးပါ။ တစ်ခါဆို ငါးခွက်လောက် ပါသွားတာ။ ဒါပေမဲ့ လုပ်ပါစေ။ လုပ်ကြပါစေ...။ သူတို့ခမျာလည်း ငါ့လိုပဲ အိမ်ပစ်ရာပစ်၊ လင်ပစ်သားပစ်နဲ့ ဒီမှာ ဝဋ်ခံနေကြရရှာတာပဲ။ ရေလေးတော့ ဝအောင်ချိုးကြပါစေ။ ဒါမြင့်မြင့်ဦး စေတနာပါ။ ဒါဖြင့် ဘာလို့ ဒီမလိုအပ်တဲ့ 'ခပ်' ဆိုတာကြီးကို အော်နေတာလဲလို့ မေးစရာရှိရဲ့။ ဒီလိုအော်တာက ကိုယ့်လူတွေကို အမိန့်ပေးနေတဲ့သဘော မဟုတ်ပါဘူး။ ဟိုး... ရုံးခန်းက တာဝန်ကျဆရာမတွေ ကြားဖို့ပါ။

မှန်ပါတယ်။

မြင့်မြင့်ဦးဆိုတဲ့ ရေကန်ဘာရာဟာ သူ့တာဝန်ကို ကျေပြွန်စွာ ထမ်းရွက်နေပါကြောင်း ဆရာမတွေ သိဖို့ပါ။ ဆရာမတွေကလည်း သူတို့ တာဝန်အတိုင်း ရေကန်ဘာရာ တာဝန်ကျေမကျေ နားစွင့်ရုံပါပဲ။ ဒီမျှပါပဲ။

ဘာမှမဟုတ်။ ရေကုန်သွားတော့လည်း အေးတာပဲ။ ထပ်အော်စရာ မလိုတော့ဘူးပေါ့။ ဟော ပြောရင်းဆိုရင်း ဟိုမိန်းမ မိတုတ်၊ ဘော်လီလျှော်နေပြန်ပြီ။ ဆပ်ပြာ ဘယ်ကရပါလိမ့်။ ဒီမှာက တစ်ပတ်ကို နှစ်တုံးလေးပဲပေးတာ။ သူ့ဘော်လီက ဘာအရေးကြီးလို့လဲ။ ရေရှားရတဲ့အထဲ။

အေးလေ... လျှော်ပါစေ။ ငါ မမြင်ချင်ယောင်ဆောင်မယ်။

ဒီလို ဘာရာလုပ်ရတာက လျှော့ရက်ပိုရအောင်ပါ။ လျှော့ရက်ပိုရရင် အမေ့ဆီစောပြီး ပြန်နိုင်မယ်။ ရွာက ကောင်မတွေ ငါ့ကို မျှော်နေကြတာ ကြာရောပေါ့။

ဘုရား... ဘုရား... ကဲ ကြိုက်သလောက် ချိုးကြ။ ဤမှန်သော စေတနာကြောင့် အမေရေ ဆုတောင်းပေးဦးနော်။

*****

# မီးလောင်

'မီးလောင်' ဟူသော ဝေါဟာရသည် လူတစ်ယောက်အမည် မဟုတ်တာ သေချာပါသည်။ မီးခဲ ဆိုလျှင်တော့ ဖြစ်ချင်ဖြစ်နိုင်ပါသေးသည်။ မီးလောင်ဆိုတာကျတော့ အမည်(နာမ်)မှ မဟုတ်တာပဲ။ နောက်ပြီး ဘယ်လို မိဘကမှ မိမိသားသမီးကိုသည်လို အဓိပ္ပာယ်နှင့် မှည့်မည် မဟုတ်ချေ။

သို့သော်...

အင်းစိန်၊ စံပြအကျဉ်းထောင်၊ အဆောင်(၈)အောက်ထပ်မှာတော့ ဤမီးလောင်ဟူသော ဝေါဟာရသည် မိန်းမတစ်ယောက်၏ အမည်ဖြစ်ကြောင်း တစ်ဆောင်လုံး သိကြပေသည်။ ထောင်ထဲမှာက လူတွေကို လူနာမည်တပ်ပြီး ခေါ်လေ့မရှိကြ။ အထူးပြုအမည်တွေ ရှိတတ်သည်။ အထူးသဖြင့် အမှုအမည်၊ အမှုပုဒ်မ စသဖြင့်။ ထို့ကြောင့် ဤအသက်(၂၆)နှစ်၊ အဘဦးပြုံး၏သမီး လှိုင်သာယာ မီးခွက်ဈေးအနီးနေ မခင်သိန်းထွေးဆိုသူသည်လည်း ဤ 'မီးလောင်' ဟူသော အမည်ကို ရခဲ့၏။ အကြောင်းကား မီးလောင်မှုကြောင့်ပါပဲ။

မီးလောင်လျှင် အသက်စည်းစိမ် အိုးအိမ်များ တန်ဖိုး အတိုင်းအဆမရှိ ဆုံးရှုံးရသဖြင့် မီးစတင်လောင်သောအိမ်ကို အရေးယူရသော ဥပဒေကို ထားရှိပေသည်။ ထိုဥပဒေအရ မီးစတင်လောင်စေသူအား ပြစ်မှုထင်ရှားပါက မီးအနေအထားအလိုက် လမှနှစ်အထိ ပြစ်ဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ် စသဖြင့်ချမှတ်ရသည်။ ခင်သိန်းထွေးကား ငွေဒဏ်မတတ်နိုင်။ ထောင်ဒဏ်+ငွေဒဏ်အတွက် စုစုပေါင်း(၅)နှစ်။

လှိုင်သာယာဆိုသည်မှာ ၁၉၈၈ နောက်ပိုင်း တိုးချဲ့တည်ဆောက်ခဲ့သော မြို့ဖြစ်၏။ လှိုင်မြစ်ကမ်းမှာရှိသော သာယာကုန်းဆိုသည့် ရွာကလေးအပါအဝင်မို့ ခပ်လွယ်လွယ် 'လှိုင်သာယာ' ဟုပင် အမည်ပေးခဲ့ဟန်တူပါသည်။ ထိုလှိုင်သာယာအိမ်ရာ၊ စက်မှုဇုံ၊ အက်ဖ်အမ်အိုင်စီးတီး၊ ပန်းလှိုင်ဆေးရုံကဲ့သို့ ကမ္ဘာ့အဆင့်မီ အိမ်ရာအဆောက်အအုံများ ရှိသည့်နည်းတူ မီးခွက်လေးများထွန်းပြီး ရောင်းကြသည့် ညဈေး(မီးခွက်ဈေး)ကဲ့သို့ ကျပ်ညပ်နိမ့်ကျသော ဆင်းရဲသားအိမ်ရာများ ရှိလေသည်။

ထိုဆင်းရဲသားရပ်ကွက်များမှာ ရန်ကုန်မြို့တွင်းမှ အကြောင်းအမျိုးမျိုးကြောင့် ဖယ်ရှားခံရသော မိသားစုအများဆုံး ပါဝင်သည်။ ရောက်လေရာအရပ်တွင် ရှိရင်းစွဲ စရိုက်များနှင့် ရှင်သန်နေကြသူများ ဖြစ်၏။ (၆)ပေပတ်လည်လောက် နေရာလေးတွေ ညအခါ အိပ်ရာ၊ နံနက်ည ထမင်းချက်စား၊ နေ့ခင်းမှာ အလုပ်သွားကြဆိုတော့ ထို(၆)ပေပတ်လည်ကလည်း မိသားစုလေးတစ်ခုအဖို့ 'အိမ်' ဖြစ်နေခဲ့၏။ သည့်ထက်ချဲ့ထွင်ဖို့လည်း စိတ်ကူးမရှိ။ ကလေးများကိုလည်း လမ်းဘေးရေမြောင်းမှာ ကစားစေတာမို့ အထိန်းသီးသန့်မလိုတော့။ ကလေးဆိုတာလည်း သူတို့ဘဝမှာ မလိုချင်အဆုံး၊ ပေါများလှချေသည်။ ဆေးသောက်သည့်ကြားက ကိုယ်ဝန်ရရသွားတယ်ဟု ပြောရင်း ရယ်မောပစ်ကြသည်။ သူတို့အားကိုးပြီး ဝယ်သောက်သော ကွမ်းယာဆိုင်မှ တားဆေးကဒ်များမှာ တကယ့်ဆေးပညာအဖွဲ့များက အတည်ပြုထားသလား၊ မထားဘူးလား မေးမြန်းရကောင်းမှန်း မသိ။

လူပြောသူပြောနှင့် ကောင်းတယ်ဆိုတာ ဈေးပေါပေါနှင့် ဝယ်သောက်ကြခြင်းသာ ဖြစ်၏။ ယောက်ျားတွေကလည်း အလုပ်ကြမ်းလုပ်ရတော့ အပန်းဖြေ ဒင်္ကျေဆိုပြီး အရက်ကြမ်းတွေ မှီဲကြ၊ မူးကြ၊ ရမ်းကြ၊ ရန်ဖြစ်ကြ၊ တုတ်တပြက်ဓားတပြက်။ နောက်တော့ ဘာမှလည်းမဟုတ်၊ ပြီးသွားကြသည်။

ထိုကဲ့သို့သော ရပ်ကွက်မျိုးတစ်ခုတွင် ခင်သိန်းထွေး နေခဲ့ရ၏။ ပြောရလျှင် ရောက်သွားတာဟုပဲ ဆိုပါစို့။ ခင်သိန်းထွေးက မူလက ဒလမြို့သူပါ။ ကြည့်မြင်တိုင်ဘက် ငါးလာရောင်းရင်း ဆောက်လုပ်ရေးတွေ ခေတ်စားစဉ် လူကြမ်းပန်းရံသမား ဖိုးကျော်နှင့် ရည်ငံ့၊ သျှောင်နောက်ဆံထုံးပါပြီး ဖိုးကျော်အိမ် လှိုင်သာယာမြို့ ပါသွားခဲ့ခြင်း ဖြစ်သည်။

ဖိုးကျော်က မုဆိုးမ မိခင်ကြီးကို လုပ်ကျွေးနေသူမို့ အလိမ္မာအိမ်ပါ ချွေးမလေးကို ဖိုးကျော်အမေက ချစ်ပါသည်။ မိသားစု စည်းစည်းလုံးလုံး ပျော်စရာကောင်းခဲ့ပါသည်။ ခင်သိန်းထွေး သားဦးလေးမွေးတော့ အိမ်နီးချင်းတွေက ဝိုင်းပြီးကူညီကြသည်။ အငယ်ကောင် မွေးသည့်အခါမှာတော့ ဖိုးကျော်က ဖျူးဖျတ်နှင့် သေဆုံးခဲ့၏။ ဖြစ်တောင့်ဖြစ်ခဲပါ။ အဆောက်အအုံ ပြိမ်းပြိုကျ၍ သေသွားသူများထဲ ပါသွားခဲ့ခြင်း ဖြစ်လေသည်။ အကုသိုလ်က ဆက်တိုက်ပင်။ အမေကြီး လေဖြတ်သည်။ မျက်စိကိုပါ ထိခိုက်သဖြင့် မျက်စိမမြင်၊ လမ်းလည်း မလျှောက်နိုင်တော့။ ဤအခါ ခင်သိန်းထွေးသည် လူမမည်သားနှစ်ယောက်နှင့် ယောက္ခမကို ဒိုင်ခံလုပ်ကျွေးရတော့၏။

ခင်သိန်းထွေး သတ္တိကောင်းပါသည်။

(၃)နှစ်သားက (၁)နှစ်သားကို ထိန်းစေပြီး နေရာက မရွှေ့နိုင်သော အမေအိုက နှုတ်ဖြင့်စောင်မကာ မနက်ည ထမင်းမုန့်ဖို့ ခင်သိန်းထွေး ရောင်းချရှာဖွေခဲ့၏။ ထမင်းဆိုတာ ဖျာပုံပေါ်ဆန်း ချက်မှမဟုတ်။ ငစိန်ဆန်လည်း အသက်ရှင်ခွင့်စားတာပဲဟု ခင်သိန်းထွေး စာမဖတ်ဘဲ ဗဟုသုတ ရခဲ့လေသည်။

ထိုညကတော့ ခင်သိန်းထွေး ပေါ့ဆတာ မဟုတ်ပါ။

ည(၇)နာရီမှ ဈေးရောင်းရာက ပြန်ရောက်တုန်း သားနှစ်ကောင်က ကိုယ်ပူနေပြီ။ အမေကြီးက ဒါကိုမသိ။ အမေဆိုတော့ စိတ်ပူသွားရ၏။ ကလေးတွေ ဖျားနေတာ မသိရကောင်းလားဟု ယောက္ခမကို တစ်ချက်အော်မိသည်။ ချက်ချင်းပင် သားနှစ်ကောင်ကို လက်ဆွဲပြီး ရပ်ကွက်ထဲက ဆေးခန်းသို့ သွားခဲ့၏။

ဆေးခန်းမှာ သိပ်မကြာလှပါ။

"မီး... မီး" ဆို၍ ပြေးကြည့်ကြတော့ ခင်သိန်းထွေးအိမ်က ဝင်၍မရတော့ချေ။ အနီးအနားအားလုံး ကူးနေပြီ။ အမေကြီးရှိနေတယ်။ ကယ်ကြပါဦးဟု အသံကုန်ဘယ်လောက်ဟစ်ဟစ် ဒီလို

အရေးကြုံရင် ပစ္စည်းဆွဲဖို့ ချောင်းနေတတ်သော တောကြောင်တွေက ခပ်များများ။ နောက်ဆုံး သားလေးနှစ်ယောက်အပါဆွဲပြီး လွတ်ရာသို့ ပြေးခဲ့ရသည်။

တစ်ညလုံး လောင်သည့်မီး။

ဘာဆိုဘာမှ မရ။

အဝတ်တစ်ထည် ကိုယ်တစ်ခု။

လင်မရှိတဲ့ မုဆိုးမလေးပါနော်။

ဒါပေမဲ့ မုဆိုးမဆိုပြီး မသနားပါ။ မီလောင်မှုကို စစ်ဆေးသောအခါ ခင်သိန်းထွေးအိမ်ကဟု တညီတညွတ်တည်း ထွက်ဆိုခဲ့ကြ၏။ ဒါက ငြင်းမရ။ နီးနီးကပ်ကပ် အိမ်ချင်းဆက်နေတာမို့ အားလုံးထွက်ဆိုချက်အရ ခင်သိန်းထွေး အိမ်ထောင်ဦးစီးအဖြစ် အဖမ်းခံရ၏။ အိမ်ထဲမှာ မရွှေ့နိုင်၍ မီးလောင်သဂြိုဟ်ခံခဲ့ရသော အမေအိုကြီးအတွက်ပင် ရက်လည်ဆွမ်း မသွပ်ခဲ့ရ။ ကလေးနှစ်ယောက်နှင့်အတူ အချုပ်ထဲရောက်ခဲ့သည်။

"အဲ့ဒီတုန်းက ငါပြောမိတယ်။ ပြန်မှ ဘုရားမီးပူဇော်မယ်လို့ အဲဒါကို ငါစိတ်ဆိုးပြေအောင် အမေကြီးက စမ်းသပ်ပြီး ဖယောင်းတိုင်မီး ပူဇော်တာ ဖြစ်မယ်။ ဖယောင်းတိုင်မီးလင်းနေတာ ခြေရင်းအိမ်က မြင်သတဲ့။ အဘွားကြီး ဘုရားရှိခိုးတာလည်း ကြားသတဲ့။ နောက်တော့မှ မီးခိုးတွေအူပြီး ခေါင်မိုးဓနိတွေဆီကူးမှ ဘေးက အော်ကြတာတဲ့။ အော်ပေမဲ့ တဲကလေးဆိုတော့ နာရီဝက်တောင်မလောင်ရဘူးပေါ့။ အမေကြီးကို သနားလိုက်တာ။ သူ့သား ဖိုးကျော်ရှိရင် ဒီလိုအဖြစ်ဆိုးမှာ မဟုတ်ဘူး"

ခင်သိန်းထွေး(ခေါ်) မီးလောင်ဘွဲ့ရ ကလေးနှစ်ယောက်အမေကား မီးပေါ့ဆမှုဖြင့် ထောင်ဒဏ်(၅)နှစ်၊ ခပ်ကောင်းကောင်းပါပဲဟု သူက ပြောတတ်သည်။ လှိုင်သာယာမှာ (၆)ပေခန်းလေးနဲ့နေရတာ။ ကိုယ်ဈေးသွားရောင်းတုန်း ကလေးတွေ ကားတိုက်၊ ဆိုက်ကားတိုက်ခံရမှာပူရ၏။ ထောင်ထဲမှာတော့ ဒါတွေပူစရာမရှိ။ တစ်ခုပဲ ရှိသည်။ အကြီးကောင် (၄)နှစ်ပြည့်လျှင် အထဲမှာ အမေနှင့် ထားခွင့်မရှိ။ အပြင်ထုတ်ပေးရမည်။ ဒလမှာက ဆွေမျိုးရင်းချာမရှိ။

"မီးလောင်... ဆီးထုပ်ရှိလား"

အနားသို့ နှစ်(၂၀) ရောက်လာသည်။ လူသတ်မှုပဲ။

"ရှိပတော်... ညည်းကြိုက်တဲ့ချဉ်စပ်"

နစ်(၂၀)ကို အားလုံးလန့်ကြ၏။ သူက လင်တစ်ယောက်လုံးကို ကျောက်ပျဉ်နှင့် ထုသတ်လာသူ။ ဘယ်သူက မကြောက်ဘဲ နေမလဲ။

မီးလောင်က ကြွပ်ကြွပ်အိတ်ကြီးထဲမှ ဆီးထုပ်များ ထုတ်ပေးရ၏။ တစ်ထုပ်ကို ဆေးလိပ်(၁၀)လိပ်နှင့် ရောင်းတာ။ အရင်းကိုတော့ ချဲမချိုက ထုတ်ပေးထားတာပါ။ နစ်(၂၀)ကတော့ ဆေးလိပ်မပေးဘဲ အလကား တောင်းစားလေ့ရှိသည်။ သို့သော် သူ့ကို မီးလောင် သဒ္ဓါပါသည်။ အကြောင်းမှာ နစ်(၂၀)သည် သူ့သားလေးနစ်ယောက်ကို ချစ်၍ဖြစ်၏။ ကလေးတွေကို မနက်တိုင်း ဘီစကွတ်လို၊ မုန့်ကြွပ်လို ရှိရာမုန့်တွေ ပေးလေ့ရှိသည်။ စိတ်လိုလျှင် အကြီးကောင်ကို ကကြီး၊ ခခွေး သင်ပေးသေးသည်။

"ရော့... ညည်းကြိုက်တာယူ"

"ရပါတယ်ဟာ။ ငါက ဆီးထုပ်ပဲကြိုက်တာ။ ပဲလှော်မဝါးနိုင်ဘူး"

"ချဉ်ပေါင်ကြော်ထုပ်လည်း ရှိတယ်"

"နင့်ဟာနင် ကုန်အောင် ရောင်းစမ်းပါ။ နင့်သားလေးတွေကိုလည်း အားမပြတ်အောင်ကျွေး။ ဆန်ပြုတ်အရတောင်း"

"အင်း... ငါတော့ အားပြတ်လို့သေကုန်လည်း အေးတာပဲလို့ အောက်မေ့တယ်"

နစ်(၂၀)က မီးလောင်လက်ကို ကိုင်သည်။

ဤလက်သည် ကြင်နာခြင်းကို ယူဆောင်လာ၏။

ဤလက်ဖြင့် လူတစ်ယောက်ကို သတ်ခဲ့သည်ဆိုတာ ယုံဖွယ်မရှိ။

"အဲ့တုန်းက လင်စိတ်မွှန်တာပေါ့ဟာ။ ငါ့လင်ကို ငါပဲပိုင်ချင်တာကိုး။ ဘယ့်နယ်... ငါ့လင်က ငါ့တူမအရင်းကို မုဒိမ်းကျင့်ဖို့ ကြိုးစားတယ်ဆိုတာ လူလည်းကြားမကောင်း၊ နတ်လည်း ကြားမကောင်း။ ပြီးတော့ သင်းက ပြောသေးတယ်။ မင်းကို (၁၀)နစ်ပေါင်းလာတာ ရိုးသွားပြီတဲ့။ ကလေးမမွေးတဲ့ ငါက ဘာမှ မချို့ယွင်းသေးပါဘူး။ ဒါနဲ့များ သူက ငါ့တူမ နုနုထွတ်ထွတ်လေးကို ငါတို့အိပ်ရာမှာ... တော်ပြီဟာ အဲဒီအကြောင်းပြောတိုင်း အဟောင်းက အသစ်ဖြစ်တယ်"

"ဒါတော့ ဒါပေါ့။ ဒါပေမဲ့... သေတဲ့အထိ လုပ်ရလားဟယ်"

"လုပ်တုန်းကတော့ သေစေတော့လို့ ဘယ်ဟုတ်မလဲ။ တွေ့တာနဲ့ ထုတာပဲ။ ဟီးဟီး... ထုတဲ့နေရာက ဟိုလေ အဲဒီနေရာက ကမြင်းတာကိုးဟဲ့။ ကဲ... ကမြင်းချင်ဦး၊ ထချင်ဦးဆိုပြီး သူ့ဝှေးဥကို အသားကုန်ထုပစ်တာ။ ကိုင်မိတဲ့ လက်နက်က ကျောက်ပျဉ်ဖြစ်နေတာ သတိမရဘူး"

နှစ်(၂၀)က ရယ်နေသည်။

မီးလောင်က မရယ်ရက်။

သူဆို ဖိုးကျော်ကို တအားချစ်သည်။ ဖိုးကျော်ကလည်း ထွေးမှထွေး။ ဩော်... သည်လို ချစ်ခြင်းတူညီတာကျတော့လည်း သေမင်းက မတရားခေါ်သွားလိုက်တာ။

"ထောင်ကလွတ်ရင် နင်ဘာလုပ်မလဲ"

နှစ်(၂၀)က ဆီးထုပ်ကိုဖြေရင်း မေးသည်။

မီလောင်က ဆေးပေါ့လိပ်ကို မီးကူးဖို့ လူရှာ၏။ သူ့မှာ မီးခြစ်မရှိ။ သူများသောက်တာတွေမှ ဆေးလိပ်ချင်း ခေါင်းဆိုင်ညှိရတာ။

"မီးခြစ်လား... ရော့"

ဟုတ်သားပဲ။

နှစ်(၂၀)မှာ မီးခြစ်ရှိ၏။ သူက အခွင့်ထူးခံ။ သူ့ကို ဂက်စ်ဖြည့်ပေးမည့်သူ ရှိသည်။

မီလောင်က နှစ်(၂၀)လက်ထဲမှ မီးခြစ်ကို ခပ်နေ့နေ့လှမ်းယူ၏။ တကယ်ပြောရလျှင် မီးခြစ်ဆိုတာကို စိတ်နာလှသည်။ မီးခြစ်ကြောင့် သူ့မိသားစု ဒုက္ခရောက်ရတာ။

စိတ်နာလှသော်လည်း စိတ်ချဉ်ပေါက်လာလျှင် ဆေးလိပ်က ဆေးဖြစ်၏။ ဆေးလိပ်နာနာ ဖွာလိုက်လျှင် စိတ်နည်းနည်းပြေသွားသလားလို့။ ဆေးလိပ်ကိုတော့ တံဆိပ်ကြေးများ၍မရ၊ ထောင်က တာဝန်ယူရောင်းချသော နွားတံဆိပ်ကိုပဲ ထောင်ဝင်စာက ခွင့်ပြု၏။ အကြောင်းပြချက်မှာ အပြင်က သယ်လာသော ဆေးလိပ်ဆိုလျှင် အထဲက ဆေးများထုတ်ပစ်ပြီး ဘိန်းထည့်လာမှာစိုး၍ဟု ဖြစ်၏။ ဒါ မှန်ပါသည်။ အထဲမှာ ဘိန်းစွဲသူတွေ အများကြီးကိုး။

မီလောင်ကတော့ အထဲရောက်မှ ဆေးလိပ်သောက်တတ်တာပါ။ ချဲမချိ၏ အရင်းဖြင့် ကြံဖန်သွင်းယူခဲ့သော ပစ္စည်းများထဲမှာ ဆေးလိပ်လည်း ပါသဖြင့် လွယ်လွယ်သောက်ခဲ့မိတာ ခုတော့ စွဲနေပြီ။

ဈေးရောင်းရတာ ကောင်းပါသည်။

ကိုယ်က အပြင်မှာလည်း ဈေးရောင်းသည်ပဲမို့ ဆက်ဆံရေးတတ်သည်။ အရင်းအမြတ်တွက်တတ်သည်။ မချိုနှင့် စကားစပ်မိရာက အပြင်မှာ ဈေးရောင်းလာသလို သည်မှာလည်း ဈေးရောင်းပေါ့။ ရတဲ့အမြတ်နဲ့ ကလေးတွေကျွေးပါဟု မချိုက စီစဉ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဈေးသည်ဆိုပေမယ့် ကိုယ်တစ်ယောက်တည်းတော့ မဟုတ်။

တိုးချဲ့ထဲမှာ ကိုယ့်လိုဈေးသည်တွေ အများကြီး။

အပေါ်ထပ်မှာပင် အသုပ်သည်။ ပလာတာသည် ရှိ၏။ အသုပ်ရောင်းသူမှာ အမေတင်။ သူက အပြင်မှာတုန်းကလည်း ထမင်းသုပ် ရောင်းလာတာ။ ချဲဖမ်းရာမှာပါပြီး ရောက်လာတာ။

ပလာတာကတော့ နှစ်ပတ်တစ်ခါပဲ ရသည်။ အမီနာတို့ ညီအစ်မ ဆေးမှုနှင့် (၅)နှစ် ထင်ပါရဲ့။ သူ့အိမ်က ပလာတာကျွမ်း၏။ ထောင်ဝင်စာလာလျှင် ပလာတာ အများကြီးလုပ်လာသည်။ အထဲကျပြန်ရောင်း။ တစ်ချပ်ကို ဆေးလိပ်(၂၀)။ ဆေးလိပ်ရတော့မှ လိုချင်တာ ဝယ်စားပေါ့။ ထောင်ထဲမှာ အားလုံး ရတာပဲလေ။ အိမ်ကတော့ ပလာတာတစ်မျိုးပဲ လုပ်သည်။

"ထမင်းဖိုလာပြီ"

အဆောင်ဝက အော်သံကြားရ၏။

မီးလောင် ထမင်းသွားခံရဦးမည်။ ကလေးနှစ်ယောက်နှင့်မို့ (၃)ယောက်။ ပြီးတော့ ပဲဟင်းမရအရ ခံရမည်။ ပဲဟင်းက ဘယ်လောက်ပဲ ကျဲသည်ထား။ သားလေးတွေက ပဲဟင်းကြိုက်၏။ အငန်အတွက်ပေးသော ငါးပိကြော်ကိုတော့ ကလေးတွေ နှာခေါင်းရှုံ့ကြသဖြင့် မယူတော့။ ကိုယ့်မှာ ချဉ်ပေါင်ကြော်ထုပ်တွေ ရှိတာပဲ။ ပဲဟင်းရည်နှင့် ချဉ်ပေါင်ကြော်၊ တော်ပြီပေါ့။

နှစ်(၂၀)ကို ထားခဲ့ပြီး မီးလောင် အပြင်ထွက်သည်။

ထမင်းတန်းစီသူတွေ ရောက်နေကြပြီ။ ပြေးပြီးစီရ၏။ သြော်... ဒီလိုမျိုးနေ့ရက်တွေ ဘယ်တော့များမှ...။

*****

## လူသတ်

သူ့ကို 'လူသတ်' ဟု ပြောင်ပြောင်ပဲ ခေါ်ကြသည်။

သူကလည်း အခေါ်ခံသည်။ သူ့အမှုက လူသတ်မှု။

MMCYBERMEDIA
COMMUNITY FOR ALL



ထောင်ထဲမှာ နာမည်မခေါ်ဘဲ ယခုလို အမှုအမည်ခေါ်ကြခြင်းသည် ရိုးနေပြီ။ ဘယ်သူမှ မခံချင်မဖြစ်ကြချေ။

ယခု 'လူသတ်' ဟု အခေါ်ခံနေရသော 'အေးမ' ဆိုလျှင် သူ့နာမည်ပင် သူမေ့နေပြီ။ အမှုမထင်ရှားသော အေးမတွေ ရှိနေ၍ သူ့အမည်က "လူသတ်" ဟူ၍သာ ထင်ပေါ်နေ၏။

လူကို ကြည့်လျှင်တော့ လူသတ်ခဲ့သည်ဟု မည်သူမျှ ထင်နိုင်မည်မဟုတ်။ လူသတ်သမားဆိုလျှင် ရက်စက်သော မျက်နှာရှိရမည်။ ကြမ်းကြုတ်သော မျက်လုံးရှိရမည်။ ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်ရမည်။ အမူအရာ ရိုင်းပျရမည်။ နှုတ်ထွက်စကား ရိုင်းစိုင်းယုတ်မာရမည်။

ယခု လူသတ်ကတော့ ထိုအချက်တွေနှင့် လုံးဝ ဆန့်ကျင်ဖက်ပါ။ မျက်နှာက အစဉ်ညှိုးငယ်လှ၏။ မျက်လုံးက အမြဲညှိုးနွမ်းလျက်။ ခန္ဓာကိုယ်က ညောင်နာနာ၊ ပုအိုက်အိုက်။ အမူအရာ ရိုကျိုးပျပ်ဝပ်သည်။ နှုတ်ထွက်စကားတိုင်းမှာ ယဉ်ကျေးပျူငှာလှပေသည်။

သည်လို အမူအကျင့်များသည် ထောင်ထဲရောက်မှပြောင်းလဲဖြစ်ပေါ်လာခြင်းဟု ထင်လျှင်လည်း မမှန်ပါ။ အေးမသည် ပင်ကိုကပင် အေးသည်။ မွေးစဉ်က မငိုမယို။ ဆာလည်း မတောင်း၊ ဆော့လည်းမဆော့။ ငြိမ်သက်အေးချမ်းလှသူမို့ သူ့အဖေကိုယ်တိုင်က သူ့သမီးအငယ်လေးကို 'အေးမ' ဟု ခေါ်ခဲ့ခြင်းဖြစ်၏။ သူ့အစ်ကိုကား ဆော့လွန်း၍ ဖိုးဆော့ဟု အမည်ရသည်။

အေးမကား ငယ်စဉ်ကလည်း အေး၏။ ယခု ထောင်ထဲမှာလည်း အေး၏။ သည်လောက် အေးချမ်းသူ ဖြစ်ပါလျက်နှင့် ပုဒ်မ-(၃၀၂) အရ လူသတ်မှုကြီးတွင် အမှုတွဲအဖြစ် ပါဝင်ခဲ့သည်ဆိုခြင်းကား ရုတ်တရက်အားဖြင့်ကား ယုံချင်ဖွယ်မရှိချေ။ သို့သော် မယုံလျှင် ပုံပြင်သာ မှတ်ကရော့။ အေးမကား တရားရုံးချုပ်ကိုယ်တိုင်က ပြစ်မှုထင်ရှား၍ အယူခံပယ်ချခဲ့ခြင်းတည်း။

"ငါ့အဝတ်တွေလည်း ကြည့်ရှုပ်ခဲ့ပါဟယ်"

တောင်ယာဘေး ရေမောင်းပေါ်တွင် ဖင်ထိုင်ချလျက် အေးအေးဆေးဆေး သန်းရှာနေသော ဒေါ်ကြီးကန်းက အေးမကို လှမ်းပြောခြင်း ဖြစ်၏။

"ဟုတ်ကဲ့ရှင့်"

အေးမက ဤ 'ဟုတ်ကဲ့ရှင့်' ကို အကျင့်ပါနေပြီဖြစ်သည်။ နှစ်ပေါင်းများစွာ ဖေဖေကြီး၊ မေမေကြီး၊ မမကြီး၊ ကိုကိုကြီးတို့ကို ဟုတ်ကဲ့ရှင့်ခဲ့ရတာကိုး။ တောင်ယာဘုတ်ကိုင်ဒေါ်ကြီးကန်းကိုလည်း အေးမအနေနှင့် ဟုတ်ကဲ့ရှင့်ရမှာပင် ဖြစ်၏။ အကြောင်းကား ဤ (၇)(၈) မိန်းမထောင် အုတ်နံရံဇရိယာအတွင်း စိုပြည်စိမ်းလန်းနေသော အသီးအရွက်မှန်သမျှကို ဒေါ်ကြီးကန်းက ပိုင်၍ ဖြစ်သည်။ ကန်စွန်းညွှန့်လေးအစ၊ ခရမ်းသီးနုနုလေးအဆုံး တို့၍ရသမျှသော အညွှန့်အခက် အကင်းများကို ဒေါ်ကြီးကန်းက အချိန်ပြည့်ကြည့်နေမြဲ ဖြစ်၏။ လစ်ပြီထင်ပြီး ခိုးလျှင်တော့

ဒေါ်ကျီးကန်း 'အော်ချက်' ကိုခံရမည်။ သည်လို မျက်စိရှင်လွန်း၍လည်း တောင်ယာဘုတ်ကိုင် ဒေါ်သိန်းအမည်ပျောက်၊ 'ဒေါ်ကျီးကန်း' အမည်တွင်နေခြင်း ဖြစ်လေသည်။

အေးမက ဒေါ်ကျီးကန်း ထဘီနှင့် အင်္ကျီကို ခြောက်မခြောက် ကိုင်ကြည့်ပြီး ရုပ်ရသည်။ ဒေါ်ကျီးကန်း ထဘီနှင့် အင်္ကျီကိုလည်း မှားစရာမရှိပါ။ အနက်တီ ဒေါ်လွင်လွင်မြ လွတ်သွားစဉ် ပေးခဲ့သော အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်ကို ဒေါ်ကျီးကန်းက အမြဲဝတ်လေသည်။ သူနှင့် လိုက်ဖက်ခြင်းရှိမရှိ စဉ်းစားရန်လည်း မလို။ ဒေါ်လွင်လွင်မြ၏ အဝတ်တွေဟု ဂုဏ်ယူစွာဝတ်ရ၏။ ဒေါ်လွင်လွင်မြ ရှိစဉ် ခရမ်းသီးနုနုလေးများ၊ ဖရုံပွင့်အငုံလေးများကို ဒေါ်ကျီးကန်းက ကျေးဇူးပြုလေ့ရှိသဖြင့် ဒေါ်လွင်လွင်မြက ကျေးဇူးဆပ်ခဲ့ခြင်းပါ။

အေးမက ဒေါ်ကျီးကန်းအဝတ်များကို ပြန်ပေးပြီး ဒေါ်မြင့်အဝတ်တွေကို ရုပ်ရ၏။ ဒေါ်မြင့်က ချွေးများသဖြင့် အဝတ်များသည်။ အေးမသည် ဒေါ်မြင့်အဝတ်များကို တစ်လလျှင် ဆေးလိပ်(၂၀၀)ဖြင့် လျှော်ရသူဖြစ်၏။ ဒေါ်မြင့်က ခင်ပွန်းနှင့်အတူ (၆)လကျနေသူ ဖြစ်သည်။ အမှုကား အပျင်းပြေ ဖဲကစားခြင်း။ သူတို့တစ်ဝိုင်းလုံး အဖမ်းခံရပြီး ထောင်ထဲမှာ တပျော်တပါးကြီးပါ။ ဒေါ်မြင့်သည် ဟိုဘက်ဆောင်မှာ သူ့ယောကျ်ားရှိသည်ဆိုပြီး အားရှိပုံရ၏။ ဘာမျှ အပူအပင်မရှိ။ (၆)လဆိုတာ လျှော့ရက်နှင့် ဘာကြာတာမှတ်လို့။ ရိပ်သာလာတာဟုပဲ သဘောထားသတဲ့။

အဝတ်တွေရုပ်ပြီးလျှင် ရေကန်မှာ ရေပြည့်မပြည့် သွားကြည့်ရဦးမည်။ ရေကန်ဘာရာ မြင့်မြင့်ဦးကို မျက်နှာချိုသွေး ရဦးမည်။ မလျှော်နဲ့ဦးဟုဆိုလျှင် အဝတ်လျှော်ခွင့်မရ။ အေးမအဆောင်မှာ ဒေါ်လှအေးနှင့် မသဇင်တို့ အဝတ်တွေ လျှော်ဖို့စုထား၏။ တစ်ယောက် (၂၀၀)နှုန်းနှင့်မို့ (၄၀၀)ဖိုး။ သည်အလုပ်နှင့် အေးမ ထမင်းဟင်း စားနေရခြင်း ဖြစ်၏။ အေးမကို နှစ်ပတ်တစ်ခါ ထောင်ဝင်စာ လာတွေ့မည့်သူမှ မရှိဘဲ။

စဉ်းစားလိုက်လျှင် ဖိုးလုံးကို သတ်ပစ်ချင်သည်။ ဖိုးလုံးကိုသာ အေးမ မကြိုက်မိခဲ့လျှင် သည်ဘဝ ရောက်မည်မဟုတ်။ အေးလေ... အေးမဆိုတာ သည်လို စဉ်းစားဆင်ခြင်တတ်သူမှ မဟုတ်ဘဲ။ တွေးခေါ်မြော်မြင်ခြင်း ပြုနိုင်စွမ်းမှ မရှိဘဲ။

ဟော... မိုးတွေညို့လာပြီ။

အဝတ်တွေ ပြေးရုပ်ဦးမှ။

မိုးကရွာလျှင် ချက်ချင်း။

အေးမတို့ တောမှာလို တောင်ဆီက အုံ့မှိုင်းသယ်ဆောင်လာရိုးမရှိ။ ငယ်တုန်းကတော့ မိုးရိပ်တွေ တက်လာတိုင်း "မိုးတွေလေတွေ လာပါလို့၊ ကဆုန်လပြည့်ကျော်၊ ခုံဖိနပ်နဲ့ဆော်" ဟု ပျော်ပျော်ကြီး သီချင်းဆိုကာ ခုန်ပေါက်ခဲ့ဖူးသည်။ အဲသည်စဉ်က မိုးညိုဆိုတာ ဧရာဝတီမြစ်ကမ်းက ရွာကြီးတစ်ရွာပဲ။ ဧရာဝတီမြစ်ရေ တိုက်စားတိုင်း ရွာပျက်ပြီး ပြေးခဲ့ရတာ အကြိမ်ကြိမ်။

အဖေနှင့် အမေကို အေးမ လွမ်းမိ၏။

မိုးညှိုဆိုသော အမည်ကို ဘယ်သူကများ ပေးခဲ့သည် မသိ။

မိုးညှိုသူ၊ မိုးညှိုသားတို့ကတော့ မိုးညှိုကိုချစ်သည်။ ဘယ်တော့မှ မခွဲ။ ရေဝတီမြစ်ကြီး ရေတိုက်စား၍ မိုးညှိုမြို့လုံးကျွတ် ကမ်းပြိုပျက်စီးခဲ့တာကို ဝေးဝေးမပြေးကြ။ ရေလွတ်လောက်သော အတွင်းဘက်ကို ပြောင်းကြသည်။ အသစ်တည်ဆောက်ကြသည်။ အသစ်တည်ဆောက်သော ရွာသည် 'ရွာသစ်' မဟုတ်။ 'မြို့သစ်' မဟုတ်။ မိုးညှိုပါပဲ။

မိုးညှိုရွာလမ်းမှာ ထူးဆန်းသော ထွက်ကုန်တစ်မျိုးရှိပါသည်။ 'ဝက်အူအလုံး' တွေပါ။ ဝတ်အူချောင်းမဟုတ်။ အချောင်းဖြစ်ရမည့်အစား စားပွဲတင်တင်းနစ် ဘောလုံးလေးများနယ်။ အလုံးလေးတွေလုပ်ပြီး တန်းစီထားခြင်းဖြစ်သည်။ ထိုဝက်အူချောင်းအလုံးလေးများကို ရွာလမ်းဘေးမှာ ကြိုးတန်းနှင့် လှန်းကြသည်။ တန်ဆောင်တိုင် မီးထွန်းပွဲနှင့်ပင် တူတော့၏။

အေးမ၏ အမေသည် ထိုဝက်အူလုံးလုပ်သော စက်ရုံ(အမှန်က လက်နှင့်လုပ်သောကြောင့် အလုပ်ရုံပါ) ထိုအလုပ်ရုံမှာ နေ့စားလုပ်သည်။ အေးမက (၄)တန်းပင် မအောင်ခဲ့ဘဲ အိမ်မှာ ထမင်းချက်၊ အဝတ်လျှော်လုပ်ရ၏။ ကမ်းပြို၍ အဝေးဆုံးသို့ ပြောင်းရသောနှစ်တွင် အမေက ဝက်အူချောင်းအလုပ်ရုံပိုင်ရှင်၏ 'အမြှောင်မယား' ဖြစ်ခဲ့သည်။ ညဘက်မှာ ခေတ္တခဏ လာအိပ်သော ထိုဝက်အူချောင်းပိုင်ရှင်သည် အမေ့ဆီလာရင်း ဖွံ့ဖြိုးလာသော အေးမကို ကြည့်၏။ လက်မောင်းကို ကိုင်ပြီး 'သမီးလည်း ကြီးလာပြီ' ဟု ဆို၏။ နောက်နေ့တွင် အမေက အေးမကို မပြုံးလက်ထဲ ထည့်လေသည်။

"မပြုံးရေ... ငါ့သမီးလေးက ငါ့လို အမြှောင်မယား မဖြစ်စေရဘူး။ နင် ကြည့်လုပ်ပေးပါ"

မပြုံးက ရန်ကုန်နှင့် အကူးအသန်းရှိ၏။ မြောက်ဥက္ကလာမှာ မပြုံးဆွေမျိုးတွေ ရှိသည်။ သူတို့က တောက မိန်းကလေးတွေကို အလုပ်ရှာပေးနိုင်သည်။ ဆီးထုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ အကြော်စုံလုပ်ငန်း စသဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီး ရှိသည်။ ပွဲခ ယူသည်။ အေးမသည် ဘာမျှ ဆုံးဖြတ်ပိုင်ခွင့်၊ စဉ်းစားပိုင်ခွင့်မရှိဘဲ အပြုံးနှင့်အတူ မြောက်ဥက္ကလာပသို့ ရောက်ခဲ့ရလေသည်။

ပထမ ဆီးထုပ်အလုပ်ရုံကို သွား၏။

မနက်(၆)နာရီမှာ ည(၆)နာရီထိ အလုပ်ဆင်းရမည်။ နေစရာမပေး။ နေစရာမရှိလျှင် မကိုက်ချေ။ ထို့နောက် ဖိနပ်သမား။ တစ်နေကုန်ပင် လုပ်ရမည်။ နေစရာမပေး။ နောက်ဆုံး နေစရာရမည့် အလုပ်ကို ဦးစားပေးရတော့၏။ အင်းလျားလမ်း အိမ်ကြီးတစ်အိမ်သို့ အိမ်ဖော်။

သည်တုန်းက အေးမ ခဏခဏငိုသည်။

အင်းလျားလမ်းကခြံကြီး ဆိုတာပေမဲ့ အင်းလျားကန်ကို မမြင်ရချေ။ သရက်ပင်အိုကြီးများ၊ တညင်းပင်ကြီးများ၊ ပိတောက်ပင်ကြီးများနှင့် တခြား အေးမ အမည်မဖော်တတ်သော အပင်အိုကြီးတွေ အုပ်နေသည်။ ခြံထဲက အပင်တွေ အိုမင်းသည့်နည်းတူ အိမ်ရှင်ဘဘကြီးနှင့် မေမေကြီးလည်း အိုမင်းလာပေပြီ။ သွားနိုင်လာနိုင်၊ လှုပ်ရှားနိုင်သဖြင့် လူမမာကြီးများ မဟုတ်စေကာမူ တစ်ပတ်တစ်ကြိမ် အထူးကုဆရာဝန်ကြီးများ ကြွရောက်ဆေးသွင်းပေးနေ၍သာ ထူထူထောင်ထောင် ဖြစ်နေကြခြင်းဖြစ်၏။

အေးမ၏ တာဝန်က ဘာမျှ မပင်ပန်းပေ။

ထမင်းဟင်းချက်စရာ မလို။ နံနက်(၇)နာရီဆိုလျှင် အပြင်က ထမင်းချိုင့်လာသည်။ ညနေ(၄)နာရီ တစ်ခါလာသည်။ စားချင်သည့်ဟင်းအမည်ကို ဆိုင်သို့ ဖုန်းဆက်ရုံပါပဲ။ ကြားကာလ မနက် ကော်ဖီချိန်နှင့် နေ့ခင်း လက်ဖက်ရည်ချိန်မှာသာ ရေနွေးဆူဆူတည်ပြီး ကော်ဖီ၊ လက်ဖက်ရည် နှပ်ပေးရ၏။ မုန့်တွေက ရေခဲသေတ္တာကြီး နှစ်လုံးမှာ အပြည့်။ အသီးအနှံတွေလည်း စုံတကာစေ့နေ၏။ ဒါတွေကိုလည်း ဘယ်ဈေးကိုမှ သွားဝယ်ရန်မလိုပေ။ ဖုန်းလေးဆက်ရုံပါပဲ။ ခဏကြာလျှင် အလုံပိတ်ကားလေးက လာပို့မြဲ။

အေးမ ငိုချင်တာက မိုးညိုကို လွမ်းလို့ပါ။

သည်အချိန်ဆို မိုးညိုမှာ မိုးတွေညိုရော့မယ်။

သည်အချိန်ဆို ဧရာဝတီမြစ်ကြီး ရယ်မောနေရော့မယ်။

သည်အချိန်ဆို အဖေ... အမေ ဘာလုပ်နေပါလိမ့်။

တစ်နှစ်ကျော်တော့ အေးမ မိုးညိုကို မလွမ်းတော့ပေ။

အေးမ အဖော်ရသွားပြီ။

ဖိုးလုံးပေါ့။

ဖိုးလုံးဆိုတာလည်း မိုးညိုသားပဲ။

မိုးညိုမှာတုန်းက အေးမနှင့်အတူ သုံးတန်း၊ လေးတန်းမှာ အတူတူ ကျောင်းနေခဲ့သော ငယ်သူငယ်ချင်း။

အေးမ အင်းလျားလမ်းရောက်နေကြောင်း ဖိုးလုံးကြားသတဲ့။

အေးမလိပ်စာကို မေးပြီးလာခဲ့သတဲ့။

ဖိုးလုံး ညဘက်ကျယ်ပုံက ထမင်းချိုင့်ပို့သောကားမှာ စပယ်ယာအဖြစ် အလုပ်လျှောက်ခဲ့တာဆိုပဲ။ အဲသည် အိမ်ထမင်း၊ အိမ်ဟင်း ချက်ရောင်းသော အထည်ကြီးပျက် သူဌေးအိမ်မှာ ဖိုးလုံးလို အလုပ်သမားတွေ အများကြီးဆိုပဲ။

ဖိုးလုံး ထမင်းချိုင့်သယ်လာတာမြင်တော့ အေးမ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း။ ဟုတ်သည်လေ။ သည်ခြံကြီးထဲမှာ မပင်မပန်း၊ မပူမပင်ပေမဲ့ ဘယ်လောက် ပျင်းစရာကောင်းလဲ။ အတင်းပြောဖော် မရှိ။ သန်းရှာဖော်မရှိ။ ရုပ်မြင်သံကြား စိတ်ကြိုက်ကြည့်ရပါရဲ့။ ကိုယ့်မှာ ရုပ်ရှင်ထဲက မင်းသမီးလို ချစ်မယ့်လူမရှိ။

အေးမရယ်... နင်လုလာလိုက်တာ။ အသားတွေများ ဖြူလို့။ တကယ့် ရန်ကုန်သူကြီး ဖြစ်နေပေါ့ကိုးဟု ဖိုးလုံးပြောသောနေ့ကဆိုရင် အေးမ ရင်တွေခုန်လိုက်တာ။ အဟင့်... ဟု ချွဲပြီး ဖိုးလုံးရင်အုပ်ကို ဖွဖွထုချင်ခဲ့၏။ ရင်ခွင်ထဲ ခေါင်းဝင်မှီလိုက်ချင်ခဲ့၏။ အေးမ (၁၈)နှစ်ပြည့်ပြီလေ။ အချစ်စိတ်တွေ ဝေနေပြီ။ ရုပ်ရှင်ထဲကလို... ။

တစ်နေ့မှာ နှစ်ကြိမ် ဖိုးလုံးကို မျှော်ရ၏။

တစ်ကြိမ်မှာ (၅)မိနစ် စကားပြောရ၏။

ဘယ်တင်းတိမ်မှာတုံးနော်။

နင့်ကိုချစ်တယ်ဟု နှုတ်ကမပြောဘဲ တစ်စက္ကန့်၊ နှစ်စက္ကန့်မျှ မျက်လုံးဝင်းဝင်းဖြင့် စိုက်ကြည့်ခြင်းသည် အဓိပ္ပာယ်အားလုံး ပြည့်စုံပြီပဲ။ နောက်တစ်ဆင့် ထမင်းချိုင့် မကမ်းခင်လွတ်နေသော လက်ဖြင့် လှမ်းကိုင်သည်။ အခွင့်သာလျှင် ပခုံးလေးဖက်မည်။ သည်ထက် အခွင့်ရှိလျှင် ပါးကလေးတစ်ချက်နမ်း၊ ကျန်ရစ်ခဲ့သော အေးမမှာ ကျွမ်းထိုးမှောက်ခုံပေါ့။

နောက်တော့ ဖိုးလုံး အတင့်ရဲလာသည်။

ညဘက်တွေ့ရအောင်တဲ့။

ဘယ်ဖြစ်ပါ့မလဲ။ ခြံထဲဝင်ဖို့တောင် ဝေးသေး။ ခွေးကြီးတွေက ကောင်းသမှ အိမ်ရှင် လူစိမ်းကျွမ်းသည်။ ပြီးတော့ ခြံသော့ကို ဘဘကြီးကိုယ်တိုင် သိမ်းတာ။

ဖိုးလုံးကား တစ်နေ့နှစ်ကြိမ် အနမ်းပေးရင်း အေးမကို ချော့၏။

ငါတို့ပေါင်းသင်းရဖို့ နည်းလမ်းရှာရအောင်ဟု အပြေးအလွှားပြော၏။ အေးမ အကြံထုတ်ရတော့သည်။

နင်နဲ့ငါ အတူနေရင် ဆိုသော ဖိုးလုံးစကားက အေးမရင်ထဲမှာ ပျားရည်ချောင်းကလေး ဖြစ်နေပြီ။

မိုးသည်းသော ညတစ်ည။

ဘဘကြီးဖျားသည်။

ဆရာဝန်ကို ဖုန်းဖြင့်ခေါ်ရမလားဆိုတော့ လက်ကာပြသည်။ မေမေကြီးက ဘဘကြီးကို ဖက်ပြီး အားပေးသည်။ နောင်... သည့်လိုအရေးပေါ်လျှင် ဆရာဝန်လာနိုင်ဖို့ ခြံသော့ကို အေးမ မြင်သာသော နေရာ၌ ထားပေးခဲ့လေသည်။

အဲ့ဒါ ဘဘကြီး၏ မဟာအမှား။

အေးမက အချစ်စိတ်တွေ မွှန်နေပြီ။

ခြံသော့အသာလေးဖွင့်၊ ခြံထောင့်က ပိတောက်ပင်အောက် ဒန်းကလေးပေါ်မှာ တူနှစ်ကိုယ် ချစ်ငွေ့လှုံရရင် ရုပ်ရှင်ထဲကလိုလေ...။

ညနေ ထမင်းကားအလာမှာ တီးတိုးပြောလိုက်သည်။

ခြံသော့ ရနိုင်ပြီဟု။

ဖိုးလုံး လက်မထောင်ပြလေသည်။

ဒီညပဲစောင့်၊ သန်ခေါ်တိတိဟု တီးတိုးဆိုသွားသည်။

အေးမမှာ ညနေ(၇)နာရီရေချိုး၏။ ခါတိုင်းလို ရုပ်မြင်သံကြားစက် မကြည့်နိုင်။ မေမေကြီးနှင့် ဘဘကြီးကို ဆေးတိုက်သည်။ ညကျလျှင် အိပ်မောကျစေရန်ဟု ညအိပ်မပျော်လျှင် တိုက်ရန်ဆိုသော ဆေးပြားလေး (၂)ပြားစီ ပိုထည့်လိုက်သည်။ သန်းခေါင်မှာ ကိုယ်ခြံထဲ လွတ်လွတ်လပ်လပ် ထွက်နိုင်အောင်ပေါ့။

အရေးကြီးတာ ရှိသေးသည်။

ခြံစောင့်ကြီး ရန်လုံတို့နှစ်ကောင်လည်း အိပ်မောကျနေဖို့ လိုသည်။ ဒါလည်း လွယ်လွယ်လေး။ သင်းတို့အစာထဲ စောစောက ဆေးပြားမျိုး (၃) ပြားစီ ထည့်ရုံပေါ့။

မိမိကိုယ်မှာ မွှေးမြနေလို့။ 'သင်း' ပေါင်ဒါကို လိမ်းရသေးသည်။ ဖိုးလုံးက အနမ်းတော်သူဖြစ်၏။ သူ တစ်ညလုံး နမ်းချင်သလောက်နမ်းဖို့ ရင်သားနှစ်မြွာကြား၊ ဘော်လီကြားမှာလည်း သင်းပေါင်ဒါတွေ ပုံထားရ၏။ ကဲ... ရှပ်ရှင်ထဲကလိုနော်။

ထိုညက မိုးသည်းသည်။

ဖိုးလုံး လာဖြစ်ပါ့မလား။

လာဖြစ်ပါသည်။ မိုးထဲမှာပင် မိုးကာခြုံလို့။

အပြေးအလွှား ခြံသော့ဖွင့်။ လက်တွဲပြီးအခေါ်မှာ ကိုရွှေဖိုးလုံးက ပိတောက်ပင်ရိပ်သို့မသွား။ တိုက်နောက်ဖေးသို့ခေါ်လေသည်။ နောက်ဖေးတံခါးက အေးမ ထွက်ခဲ့တာမို့ ထိုတံခါးကို ချက်မထိုးဘဲ စေ့ထားမည်ဆိုတာ သူတွက်ပြီးသား။ ထိုတံခါးကနေ အထဲဝင်မည်တဲ့။ အေးမက အာစေးထည့်ထားသလို ချစ်သူ့အလိုကို လိုက်နေ၏။ နှစ်ယောက်လုံးအထဲရောက်သောအခါ အေးမထင်ထားသလို အေးမကို အိပ်ခန်းထဲသွင်းပြီး မနမ်းချေ။ ဘဘကြီးနှင့် မေမေကြီး အိပ်ရာသို့ တန်းပြီးဝင်သည်။

ပြီးတော့... ပြီးတော့...

အေးမ ဆက်၍မတွေးချင်တော့ပါ။

အေးမ ကြောက်သည်။

ဖိုးလုံး... ဖိုးလုံးကိုပဲ သတ်ပစ်ချင်ပါသည်။

ဖိုးလုံးကို စွဲလမ်းမိသော မိမိကိုယ်ကိုလည်း ထုရိုက်ပစ်ချင်သည်။

ဖိုးလုံး၏ အဆင်ခြင်ကင်းမဲ့သော...

ဖိုးလုံး၏ မိုက်မဲခြင်းကြီးမားသော...

ဖိုးလုံး၏ လောဘ၊ ပြီးတော့... မောဟ

အားလုံးသည် ဖိုးလုံး အပြစ်။

အေးမက ဘယ်လိုငြင်းသော်လည်း...

အမှုတွဲ... တဲ့။

အားပေးကူညီမှု... တဲ့။

အေးမ ဘာတတ်နိုင်မှာလဲ။

ဖိုးလုံးရဲ့ အနမ်းတွေမှာ သာယာခဲ့မိတာ အေးမအပြစ်ပါပဲ။

ဖိုးလုံးအကြံကို မရိပ်မိခဲ့တာ အေးမအပြစ်ပါပဲ။

နောက်ဆုံးတော့ ရွာကဘုန်းကြီး တရားဟောသလို ကံပေ့ါလေ။

တစ်ခု ခက်သွားသည်မှာ...

ဘဘကြီးနှင့် မေမေကြီးအပြင် ခြံစောင့်ခွေးနှစ်ကောင်စလုံးကိုပါ အိပ်ဆေးခတ်ခဲ့ကြောင်း ဆေးစစ်၍ တွေ့သွားခြင်းပါ။ ဒါက အေးမလက်ချက်။ ဘယ်လိုမှ ပြေး၍မလွတ်။

ဖိုးလုံးမှာ ဓားမြှောင်ပါလာတာ အေးမ မသိရိုးအမှန်ပါ။

ဖိုးလုံး၊ မီးခံသေတ္တာသော့တောင်းတော့ ဘဘကြီးနှင့် မေမေကြီးက သူတို့ကိုယ်မှာပဲ သော့ကိုထားတာတော့ အေးမ သိသည်။

သည်တော့ သော့ရဖို့ ဘဘကြီးနှင့် မေမေကြီးကို ရင်ဝဓားမြှောင်စိုက်လိုက်သည်အထိ အေးမ ကြောင်ပြီးကြည့်နေခဲ့တာ အမှန်ပါပဲ။

ဘဘကြီးလည်း အသံမထွက်နိုင်။

မေမေကြီးလည်း နိုးထမလာရှာတော့။

အားလုံး ပိုင်ပိုင်နိုင်နိုင်ပြီးသွားခဲ့သည်။

သို့သော်... ရာဇဝတ်ဘေး ပြေးမလွတ်။

ဖိုးလုံးပြန်အထွက် အေးမ မလိုက်ရဲ။ ဖိုးလုံးက အေးမကို ထားခဲ့ဖို့မဖြစ်။ ဖော်မှာစိုးသည်။ သည်တော့ အေးမကို အပါခေါ်ထုတ်ခဲ့၏။ နှစ်ယောက်သား ခပ်သုတ်သုတ် ခြံထဲကအထွက် ပတ္တရောင် ရဲလှည့်ကင်း၏ လက်နိပ်ဓာတ်မီးရောင်ထဲမှာ... ။

"ဖိုးလုံးကို အရမ်းမုန်းတယ်"

အေးမက မိုးညှိညှိုကိုငေးရင်း နှုတ်က ပြောလိုက်သည်။

"အေးမရေ... ငါ ဇက်ကြောတက်လို့ နည်းနည်းလုပ်ပါဦး"

အနားရောက်လာသူကား ဘီစီပီကွန်မြူနစ် မစိမ်းပင်။ မစိမ်းပင်ကား ကဗျာဆရာမဟု ဆိုသည်။ ထောင်ကျတာ (၄)ကြိမ်ဆိုပဲ။ သူက ကွန်မြူနစ်ဟုသာ ပြောကြတာ အလွန်ကြင်နာဖော်ရွေပြီး ချစ်စရာကောင်းသူ အန်တီကြီးပါ။

အေးမက အန်တီစိမ်းလက်ထဲမှ ဦးစိုင်းလိမ်းဆေးကို ကော်ပြီး အန်တီစိမ်းကျောပြင်ကို လူးလိုက်သည်။ ပြီးမှ ကျောရိုးမကြီး ဘေးနှစ်ဖက် လက်မနှင့် ထောက်ပေးရလေသည်။ မေမေကြီးကို နှိပ်ပေးခဲ့သလိုပါ။

"အေး... ကောင်းလိုက်တာကွာ။ ကျန်းမာပါစေ"
"အေးမက လွတ်ချင်တာ"
"လွတ်မှာပါကွ၊ မကြာပါဘူး"
"ဟုတ်လို့လား အန်တီစိမ်းရယ်"
"ဘုရားပဲအာရုံပြု၊ လွတ်မှာ မကြာဘူး"

ကွန်မြူနစ်က ဘုရားစကားပြောတော့လည်း ယုံကြည်ရသည်ပေ့ါ။

ဟော... မိုးတွေညှိုရာက မည်းလာပြီ။

မည်းမည်းကြီး အားကြီးလာလျှင် မိုးစက်တို့ ကျလာတော့မည်။

ရွာစမ်းပါ မိုးမင်းကြီးရယ်... ။

အေးမလေ... မိုးရွာရင် ရောပြီး ငိုချင်လို့ပါ။

ငိုလိုက်တော့ ရင်ထဲမှာ ပေ့ါသွားလို့ပါ။

*****